ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (22-9-2008) (၅၀၀၉)

**အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ**

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(စက်မှု-၁)



# ကျောက်ဆည် စက်ရုံများနယ်မြေရှိ စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　၂၁

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၉ ရက် နံနက် ၇နာရီတွင် ကျောက်ဆည် စက်ရုံများနယ်မြေရှိ ဘီလပ်မြေစက်ရုံ(ကျောက်ဆည်)၌ ကုန်ချောကြိတ်စက်၏ စက်ကြိတ်ခွဲမှုအခြေအနေ၊ အသစ်လဲလှယ်မည့် Main Drive System မှ Gear Reducer အသစ်တပ်ဆင်မှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)၌ ဘီလပ်မြေအိတ် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်မီးခံအုတ်စက်ရုံ၌ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳

# မြို့ပြနှင့် ကျေးလက် စည်ပင်ဖွံ့ဖြိုးတိုးတက်

ရန်ကုန်　　စက်တင်ဘာ　၂၁

တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း အဆင့်ဆင့် မြင့်မားလာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများစည်ပင်လျက် ကျေးလက်များ ဖွံ့ဖြိုးတိုးတက်လာသည်ကို ယနေ့ တွေ့မြင်နေရသည်။

ယင်းသို့ ဆောင်ရွက်ပေးရာ၌ မြို့ပြလမ်းတံတားနှင့် ကျေးလက်လမ်းတံတားများကို ရှည်လျားထိစပ်အောင် ဆောင်ရွက်ပေးခြင်း၊ စံပြကျေးရွာများ ထူထောင်ပေးခြင်း၊ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာ စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးခြင်း၊ ကျေးလက်ဒေသစီးပွားရေး တိုးတက်အောင်မြင်အောင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်း၊ ဥယျာဉ်ပန်းခြံများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁



**ပြင်ဦးလွင်မြို့အဝင် ကျွန်းတိုင်အဝိုင်း၌ ပန်းအလှပင်များ ပုံဖော်ထားမှုကို လှပစွာတွေ့ရစဉ်။**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန် ဖလှယ်မှုရရှိစေရန် ရန်ကုန်မြို့၌ ပြခန်းဖွင့်လှစ်

**သတင်းဆောင်းပါး၊ ဓာတ်ပုံ ဝင်းနိုင်(ကြေးမုံ)**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး (အာဆီယံ)သို့ ဝင်ရောက်ခဲ့သည်မှာ ၁၁ နှစ်ကျော်ကာလသို့တိုင် ရောက်ရှိခဲ့ပြီးဖြစ်သည်။ ၁၁ နှစ်ကျော် ကာလအတွင်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အတူတကွလက်တွဲ၍ အေးအတူ ပူအမျှ ယှဉ်တွဲနေထိုင်ကြပြီး ကောင်းကျိုးကိစ္စအဝဝ မျှဝေခံစားကြသည့် ကရုဏာတရား ထွန်းကားသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာမည့် အာဆီယံ အသိုက်အဝန်းတစ်ခုဖြစ်လာစေရန် အားတက်သရော ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ထိုင်းနိုင်ငံ၌ ၂၀၀၇ ခုနှစ် ဩဂုတ်လက ကျင်းပခဲ့သော အာဆီယံအဖွဲ့ တည်ထောင်ခြင်း နှစ်(၄၀)မြောက် အထိမ်းအမှတ် အခမ်းအနားတွင် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီက အဆိုပြုခဲ့သော အာဆီယံ နိုင်ငံများရှိ ယဉ်ကျေးမှု လက်မှုအနုပညာပစ္စည်းများကို ဒေသတွင်း နိုင်ငံများမှ ကလေးသူငယ်များ၊ ကျောင်းသားလူငယ်များ၊ အများပြည်သူနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လေ့လာနိုင်ရန် အတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆




**ဘရူနိုင်းနိုင်ငံမှ ပြသထားသော ဝါးဖြင့် ပြုလုပ်ထားသည့် ရိုးရာအနုပညာလက်ရာကို တွေ့ရစဉ်။**

မှန်ကူ The Mirror
၂၂-၉-၂၀၀၈
(တနင်္လာနေ့)

## ဟင်းသီးဟင်းရွက်နှင့် သဘာဝအစားအစာများစားသုံး ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ရယူ

လူများအသက်ရှင်နေစဉ်ကာလအတွင်း အသက်ရှူခြင်း၊ အစာချေခြင်း၊ နှလုံးခုန်ခြင်း၊ အညစ်အကြေးစွန့်ခြင်း စသည့် ဇီဝကမ္မဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိသည်။ လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်အတွင်းရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်ဓာတ်များလိုအပ်သည်။

အသက်အရွယ်ကြီးလာသူများသည် ဗီတာမင် ဘီ ၁၂ ဓာတ်အားနည်းလာခြင်းကြောင့် ဦးနှောက်အလုပ်လုပ်နိုင်မှု ခြောက်ဆကျော်မျှ လျော့နည်းသွားကြောင်းသိရသည်။ အသား၊ ငါးနှင့် နို့တွင်ပါဝင်သော ဗီတာမင်ဓာတ်သည် အသက်အရွယ်ကြီး၍ မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ပေးနိုင်သည်။

ဗီတာမင်ဒီသည် အရိုးနှင့်အဆစ်များ သန်စွမ်းရေးတွင် အရေးပါသည်။ ဗီတာမင်ဒီ လုံလောက်စွာရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါ ဖြစ်ပွားခြင်းတို့ကို ကာကွယ်တားဆီးပေးနိုင်သဖြင့် နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူဆာလှုံသင့်သည်။

ရှောက်သီး၊ လိမ္မော်သီး၊ ကွဲကောသီး၊ ဆီးဖြူသီး စသည်တို့သည် ဗီတာမင်စီဓာတ်ပါဝင်ပြီး ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဂျုံ၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီဓာတ် ကြွယ်ဝသည်။ ထို့အတူ နွားနို့၊ ကြက်ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ မြေပဲဆီ၊ နေကြာဆီနှင့် ဟင်းသီးဟင်းရွက်ဆီများသည်လည်း ဗီတာမင်အီးဓာတ် ကြွယ်ဝသည်။

ပန်းဂေါ်ဖီစိမ်းတွင်ပါဝင်သည့် ဒြပ်ပေါင်းတစ်မျိုးသည် ပြင်းထန်သည့် အဆုတ်ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးပေးနိုင်ပြီး အစိမ်းရောင်ရှိသည့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းရောဂါများကိုလည်း တားဆီးပေးနိုင်ကြောင်းသိရသည်။

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်း အလေးထားဂရုပြုကြရမည့် အချက်ဖြစ်ရာ ပြည်သူများအားလုံးက မိမိတို့၏ တစ်ကိုယ်ရေကျန်းမာမှုကို ရှေးရှုပြီး သဘာဝမှရရှိသော အစားအစာနှင့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို စနစ်တကျ မျှမျှတတစားသုံးကြခြင်းဖြင့် ကျန်းမာခြင်းသုခနှင့် ပြည့်စုံသောဘဝကို ရယူပိုင်ဆိုင်ကြမည် ဖြစ်ပါသည်။ ။

## မုံရွာစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာကောလိပ် ဆင့်မအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

မုံရွာစက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆင့်မအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၆ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိရွှေကျင်နိကာယသာသနာ့လက်ာရ မဟာဓမ္မဗိမာန်တော်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့် ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကိုအောင်လွင်အောင် ဖုန်း-၀၉ ၅၁၁၁၆၄၄၊ ကိုဇော်မြင့်ဦး ဖုန်း-၀၁-၅၉၃၁၈၁၊ မခင်စိုးမိုး ဖုန်း-၀၁-၇၂၆၃၉၉၊ မမြတ်မြတ်မိုး ဖုန်း-၀၁-၇၀၄၈၉၀၊ မနီလာစိုး ဖုန်း-၀၉ ၅၀၆၀၇၂၄၊ ကိုစီဝမ်း ဖုန်း-၀၉-၅၁၈၇၁၀၇၊ မနွဲ့နွဲ့စိန် ဖုန်း-၀၉ ၅၁၆၉၄၆၈၊ ကိုစိုးတင့်ဦး ဖုန်း-၀၉ ၂၀၀၃၃၅၇၊ ၀၂ ၇၂၅၄၄၊ ကိုထွန်းဇံ ဖုန်း-၀၉ ၂၁၃၁၄၁၃၊ ကိုကျော်စိုး ဖုန်း-၀၇၁-၂၂၆၆၄၊ ကိုလွင်ဦး ဖုန်း-၀၇၃-၃၀၀၀၃၊ ကိုထွန်းထွန်းဦး ဖုန်း-၀၆၇-၄၀၉၄၀၆ (ရုံးချိန်)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ခရမ်းမြို့နယ် ကျိုနီချောင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ခရမ်းမြို့နယ် ကျိုနီချောင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ မတည်လှူဒါန်းစီစဉ်ဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ဆောက်လုပ်ပြီးစီးသည့် ခရမ်းမြို့နယ် ကျိုနီချောင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျိုနီချောင်ကျေးရွာရှိ အဆိုပါ တိုက်နယ်ဆေးရုံသစ်မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ခရမ်းမြို့နယ်တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်ကြသည်။**

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က တိုက်နယ်ဆေးရုံဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ပက်ဖျန်း**

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က တိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ဆေးရုံအစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကားပြောကြားကာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

**ကြည့်ရှု**

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်သော ကျိုနီချောင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်သည် ခရမ်းမြို့နယ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာ ၃၃ ရွာမှ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိ၍ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သစ်သီးပုံဖော်နည်း သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော "သစ်သီးပုံဖော်နည်း"သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၇ရက် ညနေ ၃နာရီတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာနှစ်ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**မရမ်းကုန်းမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၃ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် ပထမဆုရရှိသော မယွန်းမီမီအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စော ဆုချီးမြှင့်စဉ်။**

(ပညာရေး)

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုပန်းချီပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ စိန်ရတုအထိမ်းအမှတ် ပန်းချီအနုပညာပွဲတော် ကျင်းပမည်ဖြစ်ရာ ပွဲတော်တွင် လျှပ်တစ်ပြက်ပုံတူပန်းချီပြိုင်ပွဲ (Quick Sketch) နှင့် Outdoor ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၂ရက် နံနက် ၁၀နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ Quick Sketch ပြိုင်ပွဲတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အသက် (၁၀၇)နှစ်ရှိ ဘွားသက်ရှည်၏ ပုံတူကို A4 အရွယ်စက္ကူပေါ်တွင် နှစ်သက်ရာ မင်၊ ခဲ၊ ဆေးဖြင့် ရေးဆွဲကြရမည်ဖြစ်ပြီး Outdoor ပြိုင်ပွဲ၌ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ရှုခင်းများ၊ ဥပမာ-မုခ်ဦး၊ ဘိုးဘွားရိပ်သာ စိန်ရတုခန်းမဆောင်နှင့် အခြားနှင်းဆီကုန်းဘိုးဘွားရိပ်သာအတွင်းရှိ မြင်ကွင်းများကို တစ်ပေခွဲ x နှစ်ပေအရွယ် ကင်းဘတ်ပေါ်တွင် နှစ်သက်ရာဆေးဖြင့် ယှဉ်ပြိုင်ရပါမည်။ Outdoor အတွက် အချိန်ကန့်သတ်ထားမည်မဟုတ်ဘဲ ထိုနေ့တစ်ရက်နှင့် အပြီး စိတ်ကြိုက်ရေးဆွဲယှဉ်ပြိုင်ရပါမည်။ ဆုများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့က ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရပုံများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ collection အဖြစ်ထားရှိမည်ဖြစ်သည်။ အကဲဖြတ်အဖွဲ့ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပန်းချီပညာရှင်များနှင့် ဖွဲ့စည်းရွေးချယ်သွားမည်ဖြစ်သည်။ (ကြေးမုံ)



# ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ဆေး၊ လိုအပ်သည်များ မှာကြား

ရန်ကုန်  စက်တင်ဘာ  ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံ အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။**

အစည်းအဝေးသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ လုံခြုံရေးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးတင်အောင်ဆွေတို့က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နေ့စဉ်ထုတ်လွှင့်နေမှုများနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

## တွေ့ဆုံ

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်တို့ PROMISE Fashion Bag အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## ❁ မြို့ပြနှင့် ကျေးလက်မှ

ပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်းနှင့် မြေလမ်းမှ ဂဝံလမ်း၊ ဂဝံလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖောက်လုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသည့်အနက် ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်သာယာရေးအတွက် ဩဂုတ် ၃၀ ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကိုလတ်၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်မြို့အဝင်ကျွန်းတိုင်အဝိုင်း၌ ပန်းအလှပင်များ ပုံဖော်ခြင်းနှင့် ပန်းပင်များ အသစ်လဲလှယ် စိုက်ပျိုးရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

### ကွင်းဆင်းကြပ်မတ်

ထို့အပြင် ဩဂုတ် ၂၈ ရက်ကလည်း ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ကိုနှင့်အဖွဲ့က ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာရှိ ကမ်းနားလမ်းကို ကျောက်ချောလမ်းဖြစ်လာစေရန် ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## ကျောက်ချခြင်းဆောင်ရွက်

**ဘားအံမြို့နယ် ဘားကပ်ကျေးရွာ ကမ်းနားလမ်း ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းခြင်းနှင့် ကျောက်ချခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။**



**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**



# PROMISE Fashion Bag ၏ ဒုတိယမြောက် အရောင်းခန်းမ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၂၁**

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်က ဖြန့်ချိရောင်းချသည့် PROMISE Fashion Bag ၏ ဒုတိယမြောက် အရောင်းခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် (၂၇)လမ်းထောင့် အမှတ် (၂၈၈/၃၀၂) အခန်း(၇) မြေညီထပ်ရှိ PROMISE Fashion Bag Show Room(2) ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် လွှမ်းမိုးသူကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်မျိုးသက်တို့က PROMISE Fashion Bag အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လွှမ်းမိုးသူ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးသက်က ဆိုင်ဖွင့်ပွဲသို့ တက်ရောက်လာကြသော အနုပညာရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဧည့်သည်များအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်က ဖြန့်ချိရောင်းချသော PROMISE Fashion Bag များသည် ဟောင်ကောင်စက်ရုံမှ ကိုယ်ပိုင်တီထွင် ထုတ်လုပ်ထားသော အရည်အသွေးနှင့် ဒီဇိုင်းဆန်းသစ်လှပ ကောင်းမွန်သည့် အိတ်အမျိုးအစားများဖြစ်ပြီး အိတ်၏ ချို့ယွင်းချက်ရှိပါက တစ်လအတွင်း လဲလှယ်ပေးကာ ငွေကျပ် ၇၀၀၀၀ နှင့်အထက် ဝယ်ယူအားပေးကြသူများအား ငါးရာခိုင်နှုန်း လျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့် VIP ကတ်များကို လက်ဆောင်ပေးမည် ဖြစ်သည်။

### ဝယ်ယူရရှိနိုင်

PROMISE Fashion Bag များကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ ပထမထပ် အမှတ်(A) (၁၄/၁၅)ရှိ အရောင်းခန်းမ(၁)၊ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် (၂၇) လမ်းထောင့် အမှတ် (၂၈၈/၃၀၂) အခန်း(၇) မြေညီထပ်ရှိ အရောင်းခန်းမ (၂)နှင့် လွှမ်းမိုးသူ အိတ်မျိုးစုံ အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## အာဖဂန်တွင် ဖြစ်ပွားခဲ့သည့်မှားယွင်းတိုက်ခိုက်မှု နေတိုးတပ်ဖွဲ့ စုံစမ်းစစ်ဆေးမည်

**ကဘူး စက်တင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံရှိ အူရက်ဇ်ဂင်န်ပြည်နယ် တောင်ပိုင်းတွင် စက်တင်ဘာ၁၈ရက်က ဒေသဆိုင်ရာ အကြီးအကဲတစ်ဦး အပါအဝင် အာဖဂန်လူမျိုးသုံးဦးအား တာလီဘန်ဆိုကာ နိုင်ငံစုံတပ်ဖွဲ့မှ မှားယွင်း ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ကို အာဖဂန် အာဏာပိုင်များ၏ အခိုင်အမာ ပြောကြားချက်အရ နေတိုးဦးဆောင်သောတပ်ဖွဲ့က စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကိုရာဒေသ၏အကြီးအကဲတစ်ဦး အပါအဝင် အခြားအာဖဂန်လူမျိုး နှစ်ဦးရောက်ရှိနေသော အဆိုပါ နေအိမ်အား နိုင်ငံစုံတပ်ဖွဲ့ဝင်များက ဝိုင်းလိုက်ပြီး သေနတ်များဖြင့်ပစ်ခတ်ခဲ့ကြသည်။

### စစ်ဆေး

လောလောဆယ်တွင် အခင်းဖြစ်ပွားမှုအခြေအနေ အသေးစိတ်ကို ပြည့်စုံစွာ မသိရှိရသေးကြောင်းနှင့် ယင်းဖြစ်စဉ်အား အီရတ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံစုံတပ်ဖွဲ့တို့ ပူးပေါင်းကာ စုံစမ်းစစ်ဆေး၍ အစီရင်ခံစာ ပြုစုတင်ပြသွားမည်ဟု နိုင်ငံစုံတပ်ဖွဲ့က စက်တင်ဘာ ၁၈ ရက် သတင်းစာ ရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြား သည်။

ယင်းဖြစ်စဉ်တွင် ဩစတြေးလျ တပ်ဖွဲ့ဝင်များလည်း ပါဝင်သည်ဟု ဆိုသည်။ အထူးကင်းလှည့်တပ်ဖွဲ့ဝင်များကလည်း အခင်းဖြစ်ချိန်တွင် မိမိကိုယ်ကို ကာကွယ်ရင်းဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုအတွင်း အာဖဂန်ရဲတပ်ဖွဲ့ဝင်များလည်း ပါရှိသည်ဟုဆိုသည်။

ယခုတိုင် စုံစမ်းစစ်ဆေးဆဲဖြစ်သော်လည်း ယင်းဖြစ်စဉ်အတွင်း အာဖဂန်ရဲတပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည်ဟု ဆိုသည်။

၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရကို ဖြုတ်ချပြီး အစိုးရသစ် အာဏာရရှိရေးအတွက် နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆၀၀၀၀ကျော်ကို အသုံးပြုကာ ကြိုးပမ်းလျက် ရှိနေခဲ့ရာမှ နိုင်ငံစုံတပ်ဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အာဖဂန်အရပ်သားများ သေဆုံးကြရသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ယာဉ်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



**စက်တင်ဘာ ၁၉ ရက်က အမေရိကန်ရဟတ်ယာဉ်၏ဗုံးကြဲတိုက်ခိုက်မှုခံရ၍ ပျက်စီးသွားသော အီရတ်နိုင်ငံ ဆူလာဟီဒင်ပြည်နယ် ဒိုအာမြို့အနီး ကျေးရွာတစ်ရွာရှိ နေအိမ်ကိုတွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်၌ နေတိုးစစ်စခန်းကို ဒုံးကျည်ဖြင့်ပစ်၊ အရပ်သားလေးဦးသေဆုံး

**ကဘူး စက်တင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ် အရှေ့ပိုင်းတွင် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး အထောက်အကူ ပေးရေးအဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ စစ်စခန်းတစ်ခုကို သောကြာနေ့တွင် ဒုံးကျည်များဖြင့်ပစ်ခတ်ရာ အရပ်သားလေးဦး သေဆုံးကြောင်း အိုင်အက်စ်အေအက်ဖ်က ကြေညာချက်ထုတ်ပြန်သည်။

ပက်တီကာပြည်နယ် ဇီရော့ခရိုင်အတွင်းရှိအိုင်အက်စ်အေအက်ဖ်စခန်းတစ်ခုကို သောင်းကျန်းသူများက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ သို့သော်ထိုဒုံးကျည်များသည် အမျိုးသမီးများနှင့် ကလေးများ အလုပ်လုပ်နေကြသော လယ်ကွင်းသို့ ကျရောက်ပေါက်ကွဲရာ ကလေးတစ်ဦး အပါအဝင် လေးဦးသေဆုံးသည်ဟု ကြေညာချက်တွင်ဖော်ပြသည်။

အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့များက သူပုန်များ နေရာယူထားသောနေရာများသို့ အမြောက်များဖြင့် တုံ့ပြန်ပစ်ခတ်ပြီး ထိုအဖြစ်ကို စုံစမ်းစစ်ဆေးသွားမည်ဟုဆိုသည်။

၎င်းတို့၏ တပ်ဖွဲ့ဝင်များ သေကျေထိခိုက်ခြင်းရှိမရှိကိုမူဖော်ပြထားခြင်း မပြုပေ။

***အမ်အင်အေ၊ဆင်ဟွာ။***





## အီရတ် ဘာသာရေးခေါင်းဆောင်တစ်ဦးအား သေနတ်သမားများလုပ်ကြံ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၀**

အီရတ်နိုင်ငံတောင်ပိုင်း မြို့တော်ဘာဆာရာတွင် အမေရိကန်၏ ရန်သူ မော့တာဒါအယ်လ်ဆာဒါ၏ သစ္စာခံ ဘာသာရေးခေါင်းဆောင် တစ်ဦးကို သေနတ်သမားတစ်စုက လုပ်ကြံသွားကြောင်း အီရတ်တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ဘာသာရေးခေါင်းဆောင်အက်ဘာ အယ်လ်အေဂျေရစ်သည် ၎င်းအိမ်အနီးတွင် သောကြာနေ့ ညနေပိုင်း၌ အသတ်ခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ဘာဆာရာရဲတပ်ဖွဲ့ အရာရှိတစ်ဦးနှင့် ရင်ခွဲရုံမှ ဆေးဝန်ထမ်းတစ်ဦးက ၎င်းသေဆုံးခြင်းကို အတည်ပြုသည်။

သူ၏ အစ်ကို မိုဟာ မက်အယ်လ်အေဂျေရစ်သည် အီရတ်နိုင်ငံ တောင်ပိုင်း မျိုးနွယ်စုကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အယ်လ်ဆာဒါသည် အီရန်နိုင်ငံတွင် နေထိုင်လျက်ရှိသော်လည်း အီရတ်နိုင်ငံအတွင်း၌ ဩဇာအာဏာရှိနေဆဲဖြစ်သည်။

***အင်တာနက်။***

## စင်ကာပူတွင် အမြန်လမ်းသစ်ဖောက်လုပ်

**စင်ကာပူ စက်တင်ဘာ ၂၀**

စင်ကာပူနိုင်ငံတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးစေရေးအတွက် အစီအမံများ ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီရှန်ဒေါင်းကစက်တင်ဘာ ၁၉ရက်တွင် ကတိပေးပြောကြားသည်။

အမြန်လမ်းသစ် လမ်ပါရာလီဘာ(ကေပီအီး)၏ ဒုတိယအဆင့်ဖွင့်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။ အဆိုပါ အမြန်လမ်းသည် ၁၂ ကီလိုမီတာ ရှည်လျားကြောင်း သိရသည်။

ကေပီအီးလမ်းသစ်ကို ဖောက်လုပ်နိုင်သည့်အတွက် စင်ကာပူနိုင်ငံ၏ ကုန်းလမ်းတွင် မှတ်တိုင်သစ်စိုက်ထူလိုက်နိုင်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ထိုလမ်းကို ဖောက်လုပ်ရာ၌ စင်ကာပူဒေါ်လာ ၁ ဒသမ ၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ) ကုန်ကျပြီး ယင်းလမ်းသစ်ကြောင့် နိုင်ငံ၏အရှေ့မြောက်ဒေသသို့ သွားလာရာ၌ ကြာသည့်အချိန်ကို ၂၅ရာခိုင်နှုန်းထိ သက်သာသွားစေသည်ဟု ဆိုသည်။ လာမည့် ငါးနှစ်တွင်လည်း လမ်းဟောင်းများကို ချဲ့ထွင်ပြီး လမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ကာ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ပါး သွားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထိုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေ စင်ကာပူ ဒေါ်လာ ၃ဘီလီယံအကုန်အကျခံရန် ရည်မှန်းထားသည်။

စင်ကာပူနိုင်ငံသည်လွန်ခဲ့သော၁၀ နှစ်အတွင်းက လမ်းအရှည်ကို ၈ ရာခိုင်နှုန်း တိုးချဲ့နိုင်ခဲ့သည်။ သို့သော် ထိုကာလအတွင်းယာဉ်အမျိုးမျိုး အရေအတွက်မှာ ၂၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း၌ ယာဉ်စီးရေ ၈၈၀၀၀ ကျော်ရှိသည်။ ထိုအရေအတွက်သည် နှစ်စဉ် သုံးရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။

***အင်တာနက်။***

## အီရတ်ကျေးရွာများကို ကန်လေကြောင်းမှ တိုက်ခိုက် အရပ်သားမိသားစုရှစ်ဦးစလုံးသေဆုံး

**တီကရစ် စက်တင်ဘာ ၂၀**

အီရတ်နိုင်ငံ ဆူလာဟီဒင် ပြည်နယ် ကျေးရွာတစ်ရွာအတွင်းမှ အိမ်တစ်လုံးပေါ်သို့ သောကြာနေ့တွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ရာ မိသားစုရှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်လုံခြုံရေးမှ သတင်းရရှိသည်။

သောကြာနေ့နံနက် ၂ နာရီကျော် (ဂရင်းနစ်စံတော်ချိန် ၂၃း၀၀ နာရီ) တွင် ဒိုအာမြို့အနီး ရွာတစ်ရွာအတွင်းမှ အိမ်တစ်လုံးကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် မိသားစုတစ်စုမှ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ရှစ်ဦးသေဆုံးကြောင်း လုံခြုံရေးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်စစ်ဘက်က အယ်လ်ခိုင်ဒါများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သို့သော်လည်း အရပ်သားများ သေစေခဲ့ရကြောင်း ပြောကြားသည်။ ထိုမိသားစုမှကလေးတစ်ဦး ဒဏ်ရာရရှိပြီး အိမ်မှာလုံးဝ ပျက်စီးသွားခဲ့သည်ဟု အဆိုပါအမည် မဖော်လိုသူက ပြောကြားသည်။

အမေရိကန်စစ်ဘက်မှကြေညာချက်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခြင်း၌ ပါဝင်သော အကြမ်းဖက်တစ်ဦးကို ဖမ်းဆီးရန်အတွက် ထိုအိမ်ကို ၎င်း၏တပ်ဖွဲ့များ ဝိုင်းထားကြောင်း၊ ရဟတ်ယာဉ်၏အကူအညီဖြင့် တိုက်ခိုက်ရာတွင် ထိုအကြမ်းဖက်သမားနှင့် အတူအခြားအကြမ်းဖက်သမားသုံးဦး သေဆုံးကြောင်း၊ ၎င်းတို့နှင့်အတူ အမျိုးသမီးသုံးဦးသေဆုံးပြီး ကလေးတစ်ဦး ဒဏ်ရာရရှိကြောင်း ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အမေရိကန်နှင့် နိုင်ငံစုံတပ်ဖွဲ့များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးရခြင်းအပေါ် မကျေနပ်ကြသော အာဖဂန်ပြည်သူများ ရင်ဖွင့်နေကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## တရုတ်နိုင်ငံ ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၃၀ ခန့် ပိတ်မိနေ

**ပေကျင်း စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခု၌ စနေနေ့တွင် မတော်တဆမှု ဖြစ်ပွားရာ အနည်းဆုံး အလုပ်သမား ၃၀ ပိတ်မိနေကြောင်း သတင်းဌာနများက ဖော်ပြကြသည်။

တရုတ်နိုင်ငံ ဟိုင်လောင်ကျန်ပြည်နယ် ဟီကျန်မြို့ မိုင်းတွင်းတစ်ခုတွင် နံနက်၄း၀၀ နာရီခန့်က မတော်တဆမှုဖြစ်သောအချိန်၌အလုပ်သမား ၄၄ဦးမှာ မြေအောက်တွင်လုပ်ငန်းခွင်ဝင်လျက်ရှိသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မိုင်းလုပ်သား တစ်ဒါဇင်ခန့်မှာ လွတ်မြောက်လာပြီး ၃၀ကျော်မှာ မိုင်းတွင်းထဲတွင် ပိတ်မိနေကြောင်း ဆက်လက်ဖော်ပြသည်။

***အင်တာနက်။***

## အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၄ ဦး သေဆုံး

**ကဘူး စက်တင်ဘာ ၂၀**

၂၀၀၁ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်အား အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခြင်း၏ အကျိုးဆက်အဖြစ် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့တွင် သေဆုံးသော အမေရိကန်၏ စစ်ဘက်တပ်ဖွဲ့ဝင် အရေအတွက်သည် ၅၂၄ ဦး ရှိပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

ထိုအရေအတွက်တွင် ရန်သူနှင့်တိုက်ပွဲဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၃၇၅ ဦး ပါဝင်သည်။

***အင်တာနက်။***



တရုတ်နိုင်ငံ ကျန်စုပြည်နယ် အနောက်မြောက်ရှိ ကျူကွမ် ဂြိုဟ်တု လွှတ်တင်ရေးဌာန ဒုံးပျံလွှတ်စင်သို့ သယ်ဆောင်လာသော ရှန်ကျိုး-၇ အာကာသယာဉ်အား စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ဂျပန်စိုက်ပျိုးရေးဝန်ကြီးနုတ်ထွက်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံတွင် မှိုနှင့်ပိုးသတ်ဆေးများ ပါဝင်နေသော ဆန်ကို ကျောင်းသားကလေးများနှင့် ဘိုးဘွားရိပ်သာမှ လူနာများ အပါအဝင် ထောင်ပေါင်းများစွာသော လူများအား စားသုံးရန်အလို့ငှာ ရောင်းချသော အရှုပ်တော်ပုံ ကျယ်ပြန့်လာသည့်အတွက် စိုက်ပျိုးရေးဝန်ကြီးသည် သောကြာနေ့တွင် တာဝန်မှ နုတ်ထွက်သွားသည်။

ဝန်ကြီးရာထူးကိုလက်ခံပြီး ရက်သတ္တခုနစ်ပတ်အကြာ စီချီအိုတာ ရာထူးမှနုတ်ထွက်ခြင်းသည် ဝန်ကြီးချုပ်ရာထူးမှ အနားယူရန် ကြေညာထားသော ဖူကူဒါအစိုးရအတွက် နောက်ထပ် အထိနာချက်တစ်ရပ် ဖြစ်သည်။

**တာဝန်ယူ**

ပြည်သူလူထုအတွက် မသန့်ရှင်းသော ဆန်ပြဿနာကို အလေးအနက်စဉ်းစားပြီး ဝန်ကြီးချုပ် ဖူကူဒါနှင့်တွေ့ဆုံကာ ရာထူးမှ နုတ်ထွက်မည့်အကြောင်း အိုတာက ပြောကြားသည်။ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် နိုဘူတာကမာချီမူရာက ယာယီစိုက်ပျိုးရေးဝန်ကြီးအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

***အင်တာနက်။***

## နယူးဒေလီတောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား အကြမ်းဖက်သမားများ သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တောင်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်က အိန္ဒိယရဲတပ်ဖွဲ့နှင့် အကြမ်းဖက်သမားများဟု ယူဆရသူများ အကြား တိုက်ပွဲဖြစ်ပွားသဖြင့် သံသယရှိသူနှစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထွက်ပြေးသွားသည်ဟု ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သေဆုံး**

ဒဏ်ရာရရှိသော အကြမ်းဖက်သမားငါးဦးအားဖမ်းဆီးရမိခဲ့ကြောင်းနှင့် တိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့မှ ပြောကြားသည်။

ယင်းတိုက်ပွဲသည် ဂျမီအာနာဂါဒေသရှိ သုံးထပ်အဆောက်အအုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် အဆိုပါဒေသ၌ အကြမ်းဖက်တိုက်ပွဲများ ပြန်လည်ငြိမ်သက်လာသည်ဟု နယူးဒေလီ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရေဂျင်ဘာဂတ်ကပြောကြားသည်။

***အင်တာနက်။***

## အမေရိကန်လူ့အခွင့်အရေးသမားနှစ်ဦး ဗင်နီဇွဲလားနှင့်ထုတ်

**ကာရာကာ့စ် စက်တင်ဘာ ၂၀**

သမ္မတ ဟူဂိုချားဗက်ဇ်အား ၁၀ နှစ်တာ ကာလအာဏာရစဉ်အတွင်း နိုင်ငံရေး လွတ်လပ်ခွင့် မပေးခြင်း၊ ဒီမိုကရေစီ မပေးခြင်းတို့အတွက် ဝေဖန်သော အမေရိကန် အခြေစိုက် လူ့အခွင့်အရေးလှုပ်ရှား သူနှစ်ဦးကို ဗင်နီဇွဲလားနိုင်ငံမှ နှင်ထုတ်လိုက်သည်။

နိုင်ငံတော် ရုပ်မြင်သံကြားဌာနက လူ့အခွင့်အရေး လှုပ်ရှားသူနှစ်ဦးဖြစ်သော ဂျို့စ်မီဂွယ်ဗီဗန်ကိုနှင့် ဒီနိုင်းယယ်ဝီလ်ကင်ဆန်တို့အား နှင်ထုတ်ကြောင်း ထုတ်လွှင့်ပြသခဲ့သည်။ ထို့အပြင် ကြာသပတေးနေ့ ညက ၎င်းတို့နှစ်ဦးအား အစောင့်များခြံရံ၍ လေယာဉ်ပေါ်သို့ တက်စေခြင်းအားလည်း ပြသခဲ့သည်။

အမေရိကန် သံအမတ်အား ချားဗက်ဇ်ကငြင်းပယ်ပြီး တစ်ပတ်အကြာတွင်ယင်းကဲ့သို့ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခုအဖြစ်သည်ဗင်နီဇွဲလား၏အဓိကရေနံဖောက်သည်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး ထပ်မံ တင်းမာလာစေမည်ဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ဗင်နီဇွဲလားကို သက်ဦးဆံပိုင်နိုင်ငံဟု ခေါ်ခဲ့သည်။

လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့သည် လွတ်လပ်သော အုပ်စုတစ်ခု ဖြစ်သည်။ သို့သော် ဘုရှ်အစိုးရနှင့် ပေါင်း၍ ၎င်းအားဖြုတ်ချရန် လုပ်ဆောင်နေကြသည်ဟု ချားဗက်ဇ်က ပြောကြားသည်။ လူ့အခွင့်အရေးကာကွယ်သူများဟု အမည်ခံထားသော ထိုအုပ်စုကို အမေရိကန်ပြည်ထောင်စုကဘဏ္ဍာရေးထောက်ပံ့ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီး နီကိုလပ်စ်မာဒူရိုက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဘရာဇီးတွင် ကိုကင်းကီလို ၂၀၀ ဖမ်းမိ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၀**

ဘရာဇီးရဲတပ်ဖွဲ့သည် ကြာသပတေးနေ့နှောင်းပိုင်းတွင် နိုင်ငံ၏ အကြီးဆုံးမြို့တော် ဆွာပေါ်လိုတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး ဆင်နွှဲရာ လူနှစ်ဦးကို ဖမ်းမိပြီး ကိုကင်း ကီလို ၂၀၀ ကို သိမ်းဆည်းရရှိကြောင်း သောကြာနေ့က ပြောကြားသည်။

ဖမ်းမိသူနှစ်ဦးမှာ ရိုဒိုလ်ဖိုရိုဒရီဂွက်ခ်ကပ်ကီဟို ၃၆ နှစ်နှင့် ရိုဆာနာမာရီယာမီရန်ဒရာ ၃၅ နှစ်တို့ဖြစ်ကြပြီး မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်မှုဖြင့် တရားစွဲထားသည်။ ကျူးလွန်ခဲ့လျှင် တစ်ဦးလျှင် ထောင်ဒဏ် ၁၅ နှစ်စီ အပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် တစ်လလျှင် ကိုကင်းကီလို ၅၀၀သယ်ဆောင်သော မူးယစ်ဆေးဝါးမှောင်ခို ဂိုဏ်းအဖွဲ့ဝင်များ ဖြစ်သည်။ လွန်ခဲ့သည့် ခုနစ်လခန့်က ထိုလူနှစ်ဦးသည် ရဲတပ်ဖွဲ့စခန်းအနီးတွင် အိမ်တစ်လုံးငှားရမ်းပြီး မူးယစ် ဆေးဝါးသန့်စင်သော ဓာတ်ခွဲခန်းတစ်ခုကို တည်ထောင်ခဲ့သည်။

ထို့နောက်ရဲတပ်ဖွဲ့က ထိုဓာတ်ခွဲခန်းအတွင်းမှ ဓာတုဗေဒပစ္စည်းများ၊ ဟိုက်ဒြောလစ် ပုံနှိပ်စက်နှင့် ကိုကင်းမှုန့် ၆၀ ကီလိုကို ဖမ်းမိခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***






**ကိုလံဘီယာ မက်ထရိုပိုလီတန် လေဆိပ်အနီး၌ ပျက်ကျခဲ့သောလေယာဉ်ငယ်၏အပျက်အစီးများကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

(ယင်းသို့ ပျက်ကျခြင်းတွင် ခရီးသည်နှစ်ဦးနှင့်လေယာဉ်အမှုထမ်း နှစ်ဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

## သဘာဝ ဘေးအန္တရာယ်သတင်းများ



### အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာ၊ ၄၄ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥထရာပရာဒက်ရ်ှပြည်နယ် စိတာပါခရိုင်တွင် သောကြာနေ့က မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးမှုဖြစ်ပွားရာ လူ ၄၄ ဦး သေဆုံးကြောင်း ပီတီအိုင်သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

မိုးသည်းထန်သဖြင့် အိမ်တစ်လုံးနှင့် အုတ်နံရံတစ်ခု ပြိုကျခဲ့ရာ ၄၄ ဦး သေဆုံးခဲ့ရကြောင်း၊ လူလေးဦးရှိ မိသားစုတစ်စုလည်း ပါဝင်ကြောင်း တာဝန်ရှိသူများထံမှ သတင်းရရှိသည်။ ထိုကဲ့သို့ ရွာသွန်းမှုကြောင့် ခရီးလမ်းပန်းများ ရပ်ဆိုင်းခဲ့ရသကဲ့သို့ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဆက်သွယ်ရေးလိုင်းများ ပြိုလဲပြီး သစ်ပင်များမှာ အမြစ်မှ ကျွတ်ကုန်ကြသည်ဟု ဆိုသည်။ ဥထရာပရာဒက်ရ်ှပြည်နယ်၌ ယခုနှစ်တွင် ရွာသွန်းမြဲ မိုးရေချိန်ထက် ၂၅ ရာခိုင်နှုန်းကျော် ပိုကြောင်း မိုးလေဝသဌာနမှ ပြောကြားသည်။

***အင်တာနက်။***



### ထိုင်းရေကြီးမှုကြောင့် ၁၄ ဦး သေဆုံးပြီး ထောင်နှင့်ချီ၍ ဖျားနာသော ဝေဒနာခံစား

**ဗန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံအနှံ့အပြားတွင် ရေကြီးမှုဖြစ်ပွားခြင်းကြောင့် **(အပေါ်ပုံ)** အနည်းဆုံး ၁၄ ဦး သေဆုံးပြီး ရေကြီးမှုနှင့် ဆက်နွယ်သော ရောဂါဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဝေဒနာခံစားရသူအများစုတွင် အအေးမိခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ယားနာများ ပေါက်ခြင်းတို့ ဖြစ်ပွားနေကြောင်း၊ ရေကြီးရာဒေသသို့ ဆရာဝန်များ စေလွှတ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရေကြီးခြင်းကြောင့် ကောက်ပဲသီးနှံနှင့်လယ်ယာမြေများလည်း ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင် ထိုင်းသတင်းဌာနက ပြောကြားသည်။

***အင်တာနက်။***

### ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ခရီးသည်များ သောင်တင်

**မနီလာ စက်တင်ဘာ ၂၀**

ဖိလစ်ပိုင် နိုင်ငံ အာ ချီ ပီ လာဂိုကျွန်းဆီသို့ ဦးတည်လာနေသော အပူပိုင်းမုန်တိုင်း ဟာဂူပစ်သည်အင်အားကောင်းလာစဉ်တွင် ဖိလစ်ပိုင် အရှေ့ဘက် ဆိပ်ကမ်းများ၌ ခရီးသည် ၂၀၀ ခန့် သောင်တင်လျက်ရှိသည်။

မုန်တိုင်း သတိပေးချက် ထုတ် ပြန် သည့်အတွက် ကာတန်ဒေါင်းစ် ကျွန်း နှင့် အသွားအပြန် သယ်ပို့ခရီးစဉ်များကို ရပ်ဆိုင်းလိုက်ခြင်းကြောင့်အယ်လ်ဗေပြည်နယ်နှင့် ကာတန်ဒေါင်းစ်ပြည်နယ်တို့တွင် ခရီးသည်များနှင့်အတူ ထရပ်ကားများ၊ ဘတ်စ်ကားများ၊ ကိုယ်ပိုင်ကားများ သောင်တင် လျက်ရှိနေသည်ဟု ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာန ဂျီ အမ် အေ နယူးစ်က ကြေညာသည်။

ဖိလစ်ပိုင်ရာသီဥတုကြိုတင် ခန့်မှန်းရေးအာဏာပိုင်များ အဆိုအရ မုန်တိုင်းသည် ကာတန်ဒေါင်းစ် ပြည်နယ် မြို့တော်ဗီရေ့စ်၏ အရှေ့ဘက် ကီလိုမီတာ ၆၁၀ အကွာခန့်၌ ဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။

၎င်းသည်အနောက်မြောက် ဘက် သို့ တစ်နာရီလျှင် ၈ မိုင်ကျော် နှုန်းဖြင့် ရွေ့လျား လျက်ရှိပြီး လေ တိုက်နှုန်းသည် တစ်နာရီလျှင် အများဆုံး ၅၂ မိုင်ကျော် ရှိသည်။

***အင်တာနက်။***

# အကြမ်းဖက် အဖျက်သမားအန္တရာယ်ပြည်သူ့အားနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ် (၁)

ရက်စက်ယုတ်မာလိုက်ကြပုံများ ပြောတောင်မပြောချင်တော့ပါဘူး။

အားလုံးလည်းသိကြပြီးဖြစ်မှာပါ။ ပြီးခဲ့တဲ့စက်တင်ဘာ ၁၁ ရက်နေ့ ညက ကျောက်ကြီးမှာ မိုင်းကွဲမှုသတင်းလေ၊ KNU ဆိုတာ သမိုင်းနဲ့ ချီပြီး ရက်စက်ကြမ်းကြုတ်မှုအပေါင်း သရဖူဆောင်းခဲ့သူတွေမှန်း သိခဲ့ပေမယ့် ထိခိုက်ခံစားခဲ့ရတဲ့ အပြစ်မဲ့ ပြည်သူတွေဘက်က ကိုယ်ချင်းစာ တွေးကြည့်လိုက်တော့ ဘယ်လိုမှ ဖြေနိုင်စရာမရှိပါဘူး။

ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)မှာ ပြည်သူတွေအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားအောင်ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့ဖောက်ခွဲဖျက်ဆီးရေးအစီအမံတွေ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖျက်ဆီးဖို့ ကြိုးပမ်းနေကြပုံ အလုံးစုံကို အထောက်အထားအစုံအလင်နဲ့ ရှင်းပြသွားပါတယ်။ ဒီကတည်းက အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ ပုဆိန်ရိုးတွေကို စက်ဆုပ်ရွံရှာမှုကြီးစွာနဲ့ ဒင်းတို့ကိုအမြစ်ပြတ်အောင် ဖော်ထုတ်ရှင်းလင်း ချေမှုန်းပစ်ဖို့လိုပြီလို့ ပြည်သူတစ်ယောက်အနေနဲ့ တွေးမိမြင်မိခဲ့ပါသေးတယ်။ သက်ဆိုင်ရာကလည်း ပြည်သူနဲ့ပူးပေါင်းပြီး ဒင်းတို့ရဲ့ ယုတ်မာတဲ့အကြံအစည်တွေကို အချိန်မီ ဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်တာတွေလည်း ရှိခဲ့ပါတယ်။ ဒီကြားထဲကပဲ KNU အပါအဝင် အကြမ်းဖက်သမားတွေကလည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုလုပ်ငန်း တစ်ခုပြီးရင် ရလာမယ့်ဆုကြေးတွေမက်မောပြီး အဆင်အခြင်မဲ့စွာ ဇွတ်တိုး လုပ်နေကြတာတွေကို တွေ့နေရပြန်ပါတယ်။

အခု ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်က ဗွီဒီယိုရုံမှာ မိုင်းကွဲခဲ့တဲ့ ဖြစ်စဉ်ကိုပဲ ပြန်ကြည့်ပါဦး။ ည ၇ နာရီသာသာလောက်က ကုန်စုံဆိုင်တစ်ဆိုင်မှာ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံးတွေ့လို့ သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားနိုင်ခဲ့တယ်။ အဲဒီလိုရှင်းလင်းဆောင်ရွက်နေတုန်းမှာပဲ ည ၈ နာရီကျော်ကျော်မှာ ဗွီဒီယိုရုံထဲ မိုင်းနှစ်လုံး ၁၀ မိနစ်ခြားပြီး ဆက်တိုက်ပေါက်ကွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ပေါက်ကွဲမှုကြောင့် မောင်စောဘိုနေထွန်းဆိုတဲ့ အသက် ၁၃ နှစ်အရွယ် ကရင်ကျောင်းသားလေးတစ်ဦးနဲ့ မပန်းနုခိုင်ဆိုတဲ့ အသက် ၂၀ အရွယ် ဗမာအမျိုးသမီးလေးတစ်ဦးတို့ သေဆုံးခဲ့ရပါတယ်။ ဒ့ါအပြင် ဗမာနဲ့ကရင် တိုင်းရင်းသား ကိုးဦး ဒဏ်ရာတွေရရှိခဲ့ကြပါတယ်။ ဒီလို ထိခိုက်သေဆုံး ဒဏ်ရာရတဲ့ ကရင်ရော၊ ဗမာရော တိုင်းရင်းသားတွေဟာ ဘာအပြစ်မှမရှိတဲ့ အပြစ်မဲ့ ပြည်သူတွေပါ။ တည်ဆဲအစိုးရအပေါ် အငြိုးအတေးထားပြီး ဗုံးခွဲတယ်၊ မိုင်းခွဲတယ်ဆိုပေမယ့် တကယ်ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတာက လုံးဝ အပြစ်ကင်းတဲ့ ပြည်သူထဲက ပြည်သူတွေပါပဲ။ အရွယ်မရောက်သေးတဲ့ ကျောင်းသားအရွယ် လူမမယ်တွေလည်း ပါပါတယ်။ မောင်စောဘိုနေထွန်းဆိုရင် ကျောင်းသားကလေးဖြစ်ပြီး သေဆုံးချိန်မှာ ကျောင်းစိမ်းလုံချည်ကလေးနဲ့ သွေးသံရဲရဲ မရှုမလှသေဆုံးခဲ့ရတာပါ။ သတင်းစာမှာပါတဲ့ ဓာတ်ပုံလေးကိုကြည့်ပြီး ကျွန်တော်တို့တောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ကြရရင် သက်ဆိုင်တဲ့ မိဘမောင်ဖွား ဆွေမျိုးသားချင်း၊ သူငယ်ချင်း၊ ဆရာ၊ ဆရာမတွေဆိုရင် ဘယ်လောက်များ ထိခိုက်ကြေကွဲခံစားရလိမ့်မလဲလို့ တွေးတောင်မတွေးချင်တော့ပါဘူး။

ဒီလို အပြစ်မဲ့ ပြည်သူတွေအပေါ် ထိခိုက်နစ်နာ ပျက်စီးစေတဲ့၊ ပြည်သူလူထုအတွင်း ဘဝလုံခြုံမှုနဲ့ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးစေတဲ့ အကြမ်းဖက်သမားတွေကို ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ မုန်းတီးနေကြတာ အမှန်ပါပဲ။ ဒါကြောင့် ပြည်သူတွေရဲ့ ကူညီသတင်းပေးမှုနဲ့ အဲဒီမိုင်းထောင် ဖောက်ခွဲမှုရဲ့ တရားခံ KNU စောယာကို(ခေါ်) စောရန်ကုန်ကို နောက်တစ်နေ့ ညနေမှာပဲ သူရဲ့နေအိမ်ကနေ ဖမ်းဆီးရမိခဲ့ပါတယ်။ စောယာကို(ခေါ်)စောရန်ကုန်ဟာ ကျောက်ကြီးမြို့နယ် ငှက်ပျောတောကျေးရွာမှာ နေထိုင်ပြီး ၁၉၇၆ ခုနှစ်က KNU ရင်း (၂၀) အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားနဲ့ ဆက်သွယ်ပြီး နွားမှောင်ခိုလုပ်ငန်းတွေလုပ်ခဲ့တဲ့ KNU တစ်ယောက်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဩဂုတ်လမှာ KNU ရိက္ခာတာဝန်ခံအဖြစ် ဆောင်ရွက်ပြီး KNU ရင်း(၈)ကို

**လူသစ်**

ရိက္ခာဆန်များ စုဆောင်းပေးပို့နေသူလည်း ဖြစ်ပါတယ်။ ယခု ဖောက်ခွဲမှုကိုတော့ KNU ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားက စောယာကို ကို ငွေကျပ်တစ်သိန်းပေးပြီး ဖောက်ခွဲဖို့ စေခိုင်းခဲ့ခြင်း ဖြစ်ပါတယ်။ စောယာကိုကလည်း KNU ပီပီ ဆုကြေးရမယ့် ငွေကျပ်တစ်သိန်းကိုမက်ပြီး အဆင်အခြင်မဲ့စွာ သွေးအေးအေးနဲ့ ဖောက်ခွဲမှုကို လုပ်ဆောင်ခဲ့ပုံရပါတယ်။ တကယ်တော့ KNU တစ်ယောက်အတွက် ဖောက်ခွဲဖျက်ဆီး တယ်ဆိုတာ ထမင်းစားရေသောက် အလုပ်တစ်ခုလိုပါပဲ။ ဒါတောင် ကုန်စုံဆိုင် ဝါးတောင်းအတွင်းထားခဲ့တဲ့ ချိန်ကိုက်မိုင်းကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့လို့ အပြစ်မဲ့ပြည်သူတွေ ထိခိုက်သေကျေပျက်စီးမှု သက်သာခဲ့ရတာပါ။

**ဒ့ါအပြင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေဟာ နိုင်ငံအတွင်း လူစည်ကားတဲ့နေရာတွေမှာ ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ရန် စီမံဆောင်ရွက်နေကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်ထားကြောင်း၊ KNU၊ ABSDF နှင့် စွမ်းအား မြှင့်ကျောင်းသားစစ်သည်တော်များအဖွဲ့(VBSW) သုံးဖွဲ့တို့ ပူးပေါင်းစီစဉ်ပြီး ဖောက်ခွဲဖျက်ဆီးရေးသမား ငါးဦးကို စက်တင်ဘာ ၁၀ ရက်က ပြည်တွင်းသို့ ထပ်မံစေလွှတ်လိုက်ကြောင်း၊ အဲဒီအကြမ်းဖက် ဖောက်ခွဲရေးသမားများနဲ့ဖောက်ခွဲရေးပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက အသေးစိတ် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အချိန်မီ ဖော်ထုတ်ဖမ်းဆီးနိုင်မှု မရှိရင်တော့ ဒီလိုပဲ အပြစ်မဲ့ပြည်သူတွေ သေကျေပျက်စီးရတဲ့ အနိဋ္ဌာရုံသတင်းတွေ ကြားရဦးမှာပါပဲ။ မိုက်တဲ့သူက တွင်းတူးမိုက်နေလေတော့ ကျွန်တော်တို့ ပြည်သူတွေ အပိုင်းကလည်း သူတို့ကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိရင် တာဝန်ရှိသူတွေထံ အချိန်မီသတင်းပေးပို့ပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။**

သတင်းစာမှာပါတဲ့ KNU စောယာကို (ခေါ်) စောရန်ကုန်ရဲ့ ဓာတ်ပုံကိုကြည့်ရင်း KNU တွေဟာ ဘာကြောင့်များ ဒီလောက်အထိ ရက်စက်ကြမ်းကြုတ် မိုက်မဲကြရတာလဲလို့ တွေးမိပါတယ်။ စေ့စေ့တွေးတော့ ရေးရေးပေါ်ရုံတင်မကဘဲ KNU ရဲ့ မူလဗီဇကတည်းက မကောင်းခဲ့တဲ့ သရုပ်သဏ္ဍာန်အဖြစ်မှန်တွေ ပေါ်လာပါတယ်။ ဒါကြောင့်လည်း အများပြည်သူသိအောင် KNU အကြောင်း တစေ့တစောင်း ပြန်ပြောင်းဖောက်သည်ချချင် ပါသေးတယ်။

KNU ဆိုတာ ဒုက္ခသည်စခန်း ဗန်းပြပြီး ဒေသခံ ကိုယ့်အမျိုးသားတိုင်းရင်းသားများကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ အမျိုးဖျက် သစ္စာဖောက်များသာဖြစ်ပါတယ်။ လူပြောများနေတဲ့ Internal Displaced Person (IDP) ပြဿနာ၊ Refugee ပြဿနာတွေရဲ့ ပင်မဇာစ်မြစ်တရားခံ စစ်စစ်လည်းဖြစ်ပါတယ်။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများ ဆက်တိုက်ကျူးလွန်ရင်း အနောက်မျှော်ဝါဒနဲ့ ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက်နေသူများသာ ဖြစ်ပါတယ်။ KNU ရဲ့ မဟုတ်သောအကြံ၊ မမှန်သောအကျင့်၊ မသင့်သောအယူ၊ မဖြူသောနှလုံးကို ရေလည်အောင်ပြောရမယ်ဆိုရင် ဒီနေ့ KNU ဆိုတာ ပြည်ပဆရာကြီးတွေ ကြိုးဆွဲရာကရတဲ့ ဒေါ်လာစား ကြေးစားရုပ်သေးရုပ် စစ်စစ်ဖြစ်နေပါပြီ။ လက်ကျန်လက်တစ်ဆုပ်စာ အင်အားလေးနဲ့ ကရင်တိုင်းရင်းသားတွေအပါအဝင် ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှု၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မလူသစ် စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲ ထားသလို တရစပ် ကျူးလွန်နေတဲ့ သောင်းကျန်းသူတွေသာ ဖြစ်ပါတယ်။

တကယ်တော့ KNU ဆိုတာ နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်ရေး စနစ်နဲ့ ကရင်လူမျိုးတွေအပေါ် ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တဲ့ စနစ်တွေကို အခြေခံပြီး ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်နဲ့ စစ်ဘုရင်ဝါဒ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းဆူပူသောင်းကျန်းမှု ပြဿနာပါပဲ။ နယ်ချဲ့တွေဟာ ရိုးသားပြီး သစ္စာရှိတဲ့ ကရင်လူမျိုးတွေကို သူ့တို့ကို လိုလားထောက်ခံတဲ့ လူမျိုးတစ်မျိုးဖြစ်လာအောင် အစွမ်းကုန် စည်းရုံးပုံသွင်းခဲ့ကြတယ်။ ကရင်တွေကို လက်နက်တပ်ဆင်ပြီး ကရင်သေနတ်ကိုင် တပ်တွေ၊ စစ်ရဲတပ်တွေ တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြပါတယ်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ရန်ကုန်မြို့မှာပဲ ကရင်အမျိုးသားညီလာခံကိုကျင်းပပြီး ကရင်ပြည်နယ်ရရှိရေး ရည်မှန်းချက်နဲ့ ကရင်ဗဟိုအဖွဲ့ချုပ် Karen Central Organization-KCO ကို ဖွဲ့စည်းခဲ့တယ်။ KCO ဟာ ဘယ်လောက်အထိမိုက်လုံးကြီးခဲ့သလဲဆိုရင် ကရင်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ရွေးပြီး ၁၉၄၆ အတွင်းမှာ လန်ဒန်အထိသွား၊ ကရင်နယ် သီးခြားဖွဲ့စည်းပြီး ဗြိတိသျှအင်ပါယာအတွင်းမှာ ထားပေးဖို့ အတိအလင်းတောင်းဆိုခဲ့ကြဖူးတယ်။ ဒါပေမယ့် အဲဒီတုန်းက ဗြိတိသျှ နန်းရင်းဝန်အက်တလီက ရေရာတဲ့အဖြေ မပေးခဲ့ပါဘူး။

တိုတိုပြောရရင် ၁၉၄၇မှာKCOဟာ အောင်ဆန်းအက်တလီစာချုပ်ကို လုံးဝလက်မခံဘဲ ပယ်ချခဲ့တဲ့အပြင် နောက်တိုးကရင်အဖွဲ့ငယ် တွေနဲ့ ပူးပေါင်းပြီး Karen National Union (KNU)ကို ဧပြီ ၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့ကြပါတယ်။ အဲဒီနောက်ဆယ်ရက်အကြာမှာ KNU ရဲ့ စစ်လက်နက်ကိုင်တပ်ဖွဲ့အဖြစ် KNDO ကို ဆက်ပြီး ဖွဲ့ခဲ့ပါတယ်။ KNU ဟာ ၁၉၄၇ ခုနှစ် ဧပြီလရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ ပြီးနောက် ဧပြီ ၂၃ ရက်နေ့မှာ KNU အရေးပေါ်ညီလာခံကျင်းပတော့ စောဘဦးကြီး KNU ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ အဲဒီအချိန်တစ်ဝိုက်ကစပြီး KNU ရဲ့ ဆူပူသောင်းကျန်းမှု အဖျက်အမှောင့်လုပ်ရပ်တွေ စခဲ့တယ်လို့ ဆိုရမှာပါပဲ။

**တကယ်တော့ KNU ဆူပူသောင်းကျန်းမှုရဲ့ အဓိကလက်သည်တရားခံဟာ နယ်ချဲ့ပါပဲ။ နယ်ချဲ့ဟာ ကရင်ကိုဗမာဆန့်ကျင်ရေး နိုင်ငံရေးအမြင် ပျိုးထောင်ပေးရုံသာမက စစ်ရေးအရပါ အင်အားကြီးလာအောင် လုပ်ပေးခဲ့လေတော့ လွတ်လပ်ရေးမရခင်ကတည်းက ကရင်လက်နက်ကိုင် အင်အားစုဟာ အရမ်းအင်အား ကြီးမားခဲ့ပါတယ်။ ဒ့ါအပြင် KNDO ပါ ထပ်တိုးလာတော့ KNU ဟာလူမျိုးရေးမာန်တက်လာပြီး အောက်မြန်မာနိုင်ငံ တစ်ဝန်းလုံးနီးပါးကို ကရင်ပြည်နယ်ပေးရမယ်လို့ တောင်းဆိုလာတော့တာပေါ့။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ တိုက်ရိုက်တစ်ဖုံ၊ သွယ်ဝိုက်တစ်နည်း သွေးထိုးမြှောက်ပင့်ပေးမှုတွေဟာ KNU သောင်းကျန်းမှုရဲ့ နံပါတ်တစ်တရားခံလို့ ဆိုနိုင်ပါတယ်။**

တကယ်တော့ KNU ရဲ့ ဇာစ်မြစ်၊ ဗီဇနဲ့ ဝါဒရေးလမ်းစဉ်က စကတည်းက မကောင်းခဲ့တာလည်းပါပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရတော့ တစ်တိုင်းတစ်ပြည်လုံး ပျော်မဆုံးမော်မဆုံးဖြစ်နေတဲ့အချိန်မှာ KNU က တစ်စခန်းထပြီး နောက်နေ့ ဇန်နဝါရီ ၅ ရက်နေ့မှာပဲ ကရင်များဟာ လွတ်လပ်သောလူမျိုးတစ်မျိုးဖြစ်ကြောင်း ကြေညာပြီး ခွဲထွက်ဖို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့အညီ ကရင်ပြည်နယ်ကို ကရင်ပြည်နယ်အစိုးရ၊ ကရင်ပြည်နယ်ကောင်စီတို့နဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့် ပေးထားပြီးဖြစ်ပေမယ့် သီးခြားကရင်ပြည်နယ်ဖွဲ့စည်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ မဖြစ်နိုင်တဲ့ တောင်းဆိုမှုတွေ နောက်မှာတော့ KUN ဟာ အစိတ်လိုက် အပိုင်းလိုက်ခွဲခွဲပြီး ၁၉၄၈ မှာ စပြီးတောခိုသောင်းကျန်းကြတော့တာပါပဲ။

KNU က ၁၉၄၈ နှစ်မှာစပြီး တောခိုခဲ့တာဆိုပေမယ့် တရားဝင်အတိအလင်း ပုန်ကန်တာကတော့ ၁၉၄၉ နှစ်စပိုင်း ကျမှပါ။ ဒါပေမယ့် ၁၉၄၈ ခုနှစ်ကတည်းက **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✦

**တကယ်တော့ KNU ဆိုတာ နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်ရေး စနစ်နဲ့ ကရင်လူမျိုးတွေအပေါ် ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တဲ့ စနစ်တွေကို အခြေခံပြီး ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်နဲ့ စစ်ဘုရင်ဝါဒ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်တွင်း ဆူပူသောင်းကျန်းမှု ပြဿနာပါပဲ။ နယ်ချဲ့တွေဟာ ရိုးသားပြီး သစ္စာရှိတဲ့ ကရင်လူမျိုးတွေကို သူ့တို့ကို လိုလားထောက်ခံတဲ့ လူမျိုးတစ်မျိုး ဖြစ်လာအောင် အစွမ်းကုန် စည်းရုံးပုံသွင်းခဲ့ကြတယ်။**

## ☆ အာဆီယံမှ

အာဆီယံနိုင်ငံများရှိ အမျိုးသားပြတိုက်များတွင် အာဆီယံ (၁၀)နိုင်ငံမှ ရိုးရာလက်မှုပစ္စည်း ပြခန်းတစ်ခန်းစီ ဖွင့်လှစ်ပြသနိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့်ပြခန်းများပြသရေးစီမံကိန်းအကောင်အထည်ဖော်မှုတစ်ရပ်အနေဖြင့်ယမန်နေ့နံနက်ပိုင်းကရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင်အာဆီယံလက်မှုအနုပညာပစ္စည်းများပြခန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် အာဆီယံ လက်မှုအနုပညာ ပစ္စည်းများပြခန်းဖွင့်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူး ဒေါ်နုမြဇံအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**အာဆီယံ ဆိုတာ အရှေ့တောင်အာရှရဲ့ တစ်ခုတည်းသောမိသားစု အသိုက်အမြုံကြီးတစ်ခုဖြစ်တယ်ဆိုတာကို သိရှိဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။**

ဒေါ်နုမြဇံ
(ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်)



ရှေးဦးစွာ ပြခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို မေးမြန်းခဲ့ရာ “ အာဆီယံ နိုင်ငံများရှိ ရိုးရာလက်မှုပစ္စည်းများကို အမျိုးသားပြတိုက်တွင် အမြဲတမ်းပြခန်းအဖြစ် ဖွင့်လှစ်ပြသခြင်းဖြင့် ကလေးသူငယ်များ၊ ကျောင်းသားများ၊ မိသားစုများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အာဆီယံယဉ်ကျေးမှု အမွေအနှစ်များကို သိရှိစေရန်၊ ကျောင်းသင်ခန်းစာတွင် အထောက်အကူဖြစ်စေရန်နဲ့ အာဆီယံ နိုင်ငံများရှိ ရိုးရာလက်မှုပြခန်းများမှတစ်ဆင့် အာဆီယံဒေသတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ်များကို အပြန်အလှန် နားလည်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

အဓိက ကတော့ အာဆီယံနိုင်ငံတွေရဲ့ အနုပညာလက်ရာတွေ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တွေ လက်မှုပညာ ပစ္စည်းတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ မြင်ရတဲ့အတွက် အာဆီယံဆိုတာ အရှေ့တောင်အာရှရဲ့ တစ်ခုတည်းသော မိသားစု အသိုက်အမြုံကြီးတစ်ခု ဖြစ်တယ်ဆိုတာကို သိရှိနိုင်ဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်”ဟု ပြောပြသည်။

ဆက်လက်၍ ပြခန်းပြသသည့် အစီအစဉ်နှင့် ပတ်သက်၍မေးမြန်းရာ “အာဆီယံ ဒေသတွင်း ၁၀နိုင်ငံမှာရှိတဲ့ အမျိုးသားပြတိုက်တွေမှာ ဒီလိုမျိုးပြခန်းတွေကို အမြဲတမ်းပြသထားမှာဖြစ်ပါတယ်။ ပြခန်းတွေကို အခု ၂၀၀၈ ခုနှစ်မှာ အပြီးဖွင့်လှစ်ပြသသွားမှာဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာလဲ တချို့ဖွင့်လှစ်ပြီးဖြစ်သလို တချို့လဲစီစဉ်နေဆဲပါ။ မြန်မာနိုင်ငံအနေနဲ့ကတော့ အာဆီယံ သံရုံးတွေကတစ်ဆင့် စုဆောင်းရရှိတဲ့ အနုပညာလက်ရာ ပစ္စည်းတွေကို ခင်းကျင်း ပြသထားမှာဖြစ်ပြီး ဆက်လက်စုဆောင်း ပြသသွားမှာဖြစ်ပါတယ်။ ဒီပြခန်းကို ၂၀၁၀ပြည့်နှစ်အထိ ထိန်းသိမ်းပြသမှာဖြစ်ပြီးတော့ ၂၀၁၀ပြည့်နှစ်နောက်ပိုင်းမှာ နှစ်စဉ်ကျင်းပမယ့် အာဆီယံ ယဉ်ကျေးမှုနဲ့ ပြန်ကြားရေးကော်မတီ အစည်းအဝေးတွေမှာ နိုင်ငံအလိုက် ပြောင်းလဲပြသဖို့ စီစဉ်ထားပါတယ်။ ပြခန်းကိုလဲ ဒီထက်တိုးချဲ့ပြီး အခိုင်အမာ ပြခန်းဖြစ်အောင်ဆောင်ရွက်နေပါတယ်”ဟု ပြောပြသည်။

ကြေးမုံသတင်းအဖွဲ့သည် ပြခန်းတွင် ပြသထားသော ယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများကို သွားရောက် လေ့လာခဲ့ရာ ရှေးဦးစွာ အာဆီယံအထိမ်းအမှတ် တံဆိပ်နှင့် အတူ အာဆီယံ ၁၀နိုင်ငံ၏ အလံများကို တစ်ဖက်တစ်ချက် ခြံရံလျက် အာဆီယံ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံအခမ်းအနားများ ကျင်းပရာ အာဆီယံ Decoration အပြင်အဆင်ကို တွေ့ခဲ့ရသည်။ ထို့ပြင် နိုင်ငံအလိုက် ပြသထားသော အနုပညာလက်ရာများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ပြသထားသော ရိုးရာအဆောက်အအုံ ပုံစံငယ်နှင့် အလှချိတ်ပါတိတ်ဆင်၊ လာအိုနိုင်ငံမှ ပြသထားသော Lao ဘုရား၊ ရိုးရာအိမ်၊ ဝါးပုလွေ၊ဗီယက်နမ်နိုင်ငံမှ ပြသထားသော လက်ခတ်နှစ်ခုပါ ဝါးပတ္တလား၊ သစ်သားဖြင့်ပြုလုပ်ထားသောလှေကားနှစ်ဆင့်ပါ ဘုံကျောင်း၊ နိုင်လွန်ကြိုးလေးချောင်းတပ် ဗီယက်နမ်ဘင်ဂျို၊ ဘရူနိုင်းနိုင်ငံမှပြသထားသောသားရေကြက်ဗုံအကြီး၊ လက်ဆွဲခြင်း၊ ဝါးခွက်၊ အဖုံးပါကြွေတစ်သည်ဖြင့်အာဆီယံနိုင်ငံများ၏ရိုးရာလက်မှုပညာပစ္စည်းအချို့ကို တွေ့ရှိလေ့လာခဲ့ရသည်။

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းအထောက်အထားများ၊ အနုပညာလက်ရာပစ္စည်းများ တစုတဝေးတည်းရှိရာ အမျိုးသား ပြတိုက်ကြီးတွင် ယခုကဲ့သို့သော အာဆီယံလက်မှု အနုပညာပစ္စည်းများ ပြခန်းကိုပါ အမြဲတမ်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဗဟုသုတ ရှာမှီးလိုသူများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သွားရောက်လေ့လာနိုင်ပါရန် ရေးသား တင်ပြလိုက်ရပါသည်။ ။

**အင်ဒိုနီးရှား နိုင်ငံမှ ပြသထားသော ရိုးရာအဆောက်အအုံ ပုံစံငယ်နှင့် အလှချိတ် ပါတိတ်ဆင်ကို တွေ့ရစဉ်။**





**အပြင်အဆင်**

**ASEAN Decoration အပြင်အဆင်ကို တွေ့ရစဉ်။**

---

### ✦ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကရင်စစ်ရဲတပ်တွေနဲ့ KNDO တွေက ပုန်ကန် ထကြွနေကြပါပြီ။ ၁၉၄၉ ခုနှစ်လည်း ဆန်းရော KNU က အတိအလင်း ပုန်ကန်ပြီး ထန်းတပင်၊ တောင်ငူ၊ ဖြူး၊ အုတ်တွင်း နောက်မှတ်မိသလောက် အင်းစိန်၊ ဒိုက်ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မေမြို့အထိ ဆက်သိမ်းတာပါပဲ။ အစပိုင်းမှာ စစ်ရေးအသာစီးရ ခဲ့ပေမယ့် ၁၉၄၉ ခုနှစ်ကုန်ပိုင်းကစပြီး တပ်မတော်ရဲ့ ထိုးစစ်ကြောင့် အရေးနိမ့်ပြီး တဆုတ်တည်း ဆုတ်ပေးခဲ့ကြရပါတယ်။ စောဘဦးကြီးလည်း ၁၉၅၀ ပြည့်နှစ် ဩဂုတ်လထဲ သံတောင်ကနေ ကော့ကရိတ်ဘက်ကိုအပြေးထော့ကို ကိုးမှာ ကျသွားခဲ့ရပါတယ်။

သူတို့ရဲ့လမ်းစဉ်ကိုက လူမျိုးရေးမုန်းတီးမှုနဲ့ စစ်ရေးဝါဒသက်သက်ကို အခြေခံခဲ့တာကြောင့် KNU ဟာ တဖြည်းဖြည်းကျဆင်းလာခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့အပြင် KNU တွေဟာ အနောက်နိုင်ငံတွေက စစ်ကူရမလားလို့ အကြီးအကျယ် မျှော်ခဲ့ကြသေးတယ်။ နောက်ဆုံးဘာမှဖြစ်မလာတဲ့အခါ လက်ဝဲယိမ်း ဒုတိယလမ်းစဉ်ချမှတ်ပြီး ဗကပရဲ့ နောက်မြီးဆွဲ လက်အောက်ခံပါတီဘဝ ကျရောက်ခဲ့ရသေးတာပေါ့။

တကယ်တော့ KNU ဟာ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားတွေကို ကိုယ်စားမပြုခဲ့ပါဘူး။ ကရင်တိုင်းရင်းသားတွေ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် မြို့လုံးကျွတ်၊ ရွာလုံးကျွတ် မီးရှို့၊ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့်၊ မိုင်းခွဲဖျက်ဆီးမှုတွေ အမြောက်အမြား ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့်လည်း KNU အပေါ် အော့နှလုံးနာစရာ သမိုင်းကြောင်း သာဓကတွေ ပြောမကုန်အောင် ရှိနေခဲ့တာပါ။

**သတင်းစာမှတ်တမ်းတွေအရ ၁၉၄၈-၄၉ တစ်နှစ်တာကာလအတွင်းမှာ KNU ဟာ အကြမ်းဖက် သတ်ဖြတ်မှုပေါင်း အကြိမ် ၁၁၀၊ ဓားပြတိုက်လုယက်မှု ၃၅ ကြိမ်၊ ငွေတိုက် ဖောက်ထွင်းလုယက်မှု ၁၃ ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၄၉ ခုနှစ်ထဲမှာပဲ မအူပင်မြို့နယ် မလက်တို ရွာကို ရွာလုံးကျွတ်မီးရှို့ပြီး ရွာသားအားလုံးသတ်ပစ်ခဲ့တဲ့အပြင် အင်းစိန်၊ ပဲနွယ်ကုန်း၊ နတ်တလင်း စတဲ့မြို့တွေမှာလည်း မြို့လုံးကျွတ်မီးရှို့ခဲ့ကြပါတယ်။ ပြင်ဦးလွင် (ယခင်မေမြို့)ကို သိမ်းပိုက်ထားစဉ်မှာပဲ မြို့နေ ပြည်သူ ၁၉၄၆ ဦးကို အကြောင်းမဲ့ သတ်ဖြတ်ပစ်ခဲ့ကြတယ်။ ဖြူးမြို့ကို သိမ်းပိုက်ထားတဲ့ ကာလမှာလည်း မြို့လယ်မှာရှိတဲ့ ဈေးနဲ့တကွ နေအိမ်တွေကို မီးတင်ရှို့ပြီး ကလေး၊လူကြီး၊ ကျား၊မ မရွေး ပစ်ခတ်သတ်ဖြတ်ခဲ့တာကြောင့် အိမ်ခြေ ၄၀၀ လောက် မီးလောင်ပြာကျပြီး သေဆုံးသူ ၃၅၁ လောင်းတွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဖြူးမြို့သူ၊ မြို့သား ၂၀၀၀ ကျော်ကို ဇေယျဝတီမြို့ဘက် ခေါ်သွားပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကို ရက်ရက်စက်စက် လုပ်ခဲ့ကြတာတွေဟာလည်း ဘယ်လိုမှ ဖျောက်လို့မရတဲ့ သမိုင်းဝင်သွေးစွန်း မှုကြီးတွေပါပဲ။ ဒီမြို့လုံးကျွတ်၊ ရွာလုံးကျွတ် သတ်ဖြတ်မှုတွေကို ပြန်သုံး သပ်ကြည့်ရင် နာဇီတွေ ကျူးလွန်ခဲ့တဲ့ လူမျိုးတုံး သတ်ဖြတ်မှုကြီးနဲ့ နင်လား ငါလား ထူးမခြားနားဖြစ်နေတာကို ကြက်သီးထလောက်အောင် တွေ့ရမှာ ဖြစ်ပါတယ်။**

၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာတော့ KNU တွေဟာ စစ်တောင်း-မုတ္တမရထားကို စီးနင်းတိုက်ခိုက်ပြီး ကျောင်းပိတ်လို့ နေရပ်ကို ပြန်လာတဲ့ တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်နဲ့ အရပ်သူ မိန်းမပျို ၁၅ ဦးကို အဓမ္မ ဖမ်းဆီးသွားခဲ့ကြပါတယ်။ အဲဒီမိန်းကလေးတွေနဲ့ မွန်ကျေးရွာတချို့က ဖမ်းလာတဲ့ မိန်းမပျိုလေးတွေကို KMT တရုတ်ဖြူဗိုလ်ချုပ်လောလီဆီကို ရောင်းစားပြီး လက်နက်ခဲယမ်းတွေနဲ့ လဲလှယ်ခဲ့ကြပါရောလား။ ဒါ့အပြင် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့က မော်လမြိုင်-ရန်ကုန် လူစီးရထားကို နှင်းပုလဲဘူတာအလွန် မိုင် ၃၀ ခန့်မှာ KNU က မိုင်းခွဲတိုက်ခိုက်လို့ ခရီးသည် ၃၅ ဦး သေဆုံးခဲ့ရတယ်။ ရွှေငွေပစ္စည်းတွေကို လုယက်ယူငင်ပြီး မိန်းမပျို ၄၀ လောက်ဖမ်းဆီးခေါ်ဆောင်၊ အစုလိုက် အပြုံလိုက် အဓမ္မပြုကျင့်ပြီး နောက်ဆုံးတော့ နယ်စပ်မှာ ရောင်းစားခဲ့ကြတယ်လို့ သိရတာပါပဲ။ အင်မတန်မှ ရက်စက်ယုတ်မာပြီး လူမဆန်တဲ့ လုပ်ရပ်တွေပါ။

(ဆက်လက်ဖော်ပြပါမည်)

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၀၈ (တနင်္လာနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သီလဝိသုဒ္ဓိ"တရားတော် [သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ] |
| ၇း၄၅ - ၁း၄၅ | အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ |
| ၇း၅၅ - ၁း၅၅ | Soccer Update |
| ၈း၁၀ - ၂း၁၀ | Rainforest Homeland (အပိုင်း - ၁) |
| ၈း၄၀ - ၂း၄၀ | MRTV-4 ကျန်းမာရေးကဏ္ဍ အသည်းရောင် အသားဝါဘီပိုး (အပိုင်း-၁) (ပါမောက္ခဒေါက်တာဦးသံစစ်နှင့်တွေ့ဆုံခြင်း) |
| ၈း၅၅ - ၂း၅၅ | Activities In The City (တေးစီးရီးမိတ်ဆက်ပွဲ၊ သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ်) |
| ၉း၁၅- ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | စားချင်စဖွယ် နည်းအသွယ်သွယ် (မွေးနေ့ကိတ်ပြုလုပ်နည်း) |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ - ၄း၀၀ | နတ်လူသာဓုခေါ်စေသော (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ သော်ကိုကိုကျော်) |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | သာသနာ့သက်သေမဟာပုဂံမြေ [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D] |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁း၅၅ - ၅း၅၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရွှေလိပ်ပြာလေးပိုင်ပိုင်နှစ်ပါးခွင်ဗွီစီဒီ) |
| ၁၂း၂၅ - ၆း၂၅ | Biz Net |
| ၁၂း၃၅ - ၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | လောကီလောကုတ္တရာနှစ်ဖြာချမ်းသာဝိသာခါ |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်း ဓာတ်အားလိုင်းတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းပွန်မြို့အနီး ၁၃၂ KV နမ့်စန်-လွိုင်လင်-ပင်းလက် ဓာတ်အားလိုင်းတည်ဆောက်မှုလုပ်ငန်းခွင်၌ ဓာတ်အားလိုင်းတာဝါတိုင် တည်ဆောက်ထားမှု အခြေအနေကို ယမန်နေ့က ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**မှာကြား**

ထို့နောက်ဝန်ကြီးသည် မွန်းတည့် ၁၂နာရီတွင် နမ့်စန်မြို့ ပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ ခွဲရုံမှူး အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်၊ မဟာဓာတ်အားလိုင်းမှူးရုံး(နမ့်စန်) အင်ဂျင်နီယာမှူး ဦးစန်းမြင့်တို့၏ ဓာတ်အားလိုင်း ဖြန့်ဖြူးထားရှိမှုအခြေအနေများနှင့် မဟာဓာတ်အားလိုင်း တည်ဆောက်မှုဆိုင်ရာ အခြေအနေ တင်ပြမှုအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ခွဲရုံ Control Room နှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နမ့်စန်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုံ့ဆော်ရေး စာတမ်း

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်**

(၂၃-၉-၂၀၀၈ မှ ၂၉-၉-၂၀၀၈)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆-လမှ ၅-နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသူအမျိုးသမီးတိုင်း သံဓာတ်အားဆေး မှီဝဲပါ။

အသက် ၆ လ အထိမိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးပါ။

အသက်၂နှစ်မှ၅နှစ်အောက်ကလေးများနှင့်မူလတန်းအရွယ်ကလေးများအား၆လတစ်ကြိမ်သန်ချဆေးတိုက်ပါ။

ကိုယ်ဝန်၃လအထက်ကိုယ်ဝန်ဆောင်များအားသန်ချဆေးတစ်ကြိမ်တိုက်ပါ။

ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး ၃လ အထိဗီတာမင်ဘီဝမ်းဆေးပြားတိုက်ကျွေးပါ။

အသက်အရွယ်မရွေးအာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

# ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် မြိတ်မြို့အထူးကုဆေးရုံကြီး

ကွင်းဆင်းလေ့လာရေးသားသူ - ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်း - မိုးမြင့်လှိုင်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်ကို ဦးတည်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။**

နိုင်ငံသူ နိုင်ငံသားပြည်သူများ အတွက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု မြှင့်တင်ပေးနိုင်ရေးသည် အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးမြှင့် လွှမ်းခြုံပေးနိုင်ရေးဆောင်ရွက်ရာတွင် နယ်စပ်ဒေသ အစွန်အဖျားများပါမကျန် တစ်နိုင်ငံလုံး ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

ကျန်းမာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးအသုံးစရိတ်ရန်ပုံငွေကို တစ်နှစ်ထက်တစ်နှစ်ပိုမို ကျခံသုံးစွဲလျက်ရှိနေသည်။

တနင်္သာရီတိုင်းတွင် ၁၉၈၈ ခုနှစ်က ဆေးရုံပေါင်း ၂၂ ရုံနှင့် ကျေးလက် ကျန်းမာရေးဌာနပေါင်း ၃၉ခုရှိခဲ့ရာမှ ၂၀၀၈ခုနှစ်တွင် ဆေးရုံစုစုပေါင်း၂၉ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၅၇ခုအထိ ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံလေးရုံကို အဆင့်မြှင့်တင်ပေးခဲ့သည်။ထိုအထဲတွင် မြိတ်မြို့ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါ အထူးကုဆေးရုံသစ်ကြီး တစ်ရုံအပါအဝင် ဖြစ်ပေသည်။

မိမိတို့သတင်းအဖွဲ့သည် တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိနေစဉ် မြိတ်မြို့ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံသစ်ကြီးသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့ကြသည်။ အဆိုပါ အထူးကုဆေးရုံသစ်ကြီးမှာ မြိတ်မြို့ စပါးရွှေဝါလမ်း ရေပုန်ရပ်ကွက်တွင် အလှူရှင်ဦးစိုးသိန်း-ဒေါ်သန်းသန်းယု ထားဝယ်စုရပ် မြိတ်မြို့က လှူဒါန်းသောမြေ (၁၉ ဒသမ ၈၁) ဧကပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ၁၉၉၈ခုနှစ် အောက်တိုဘာ ၁၇ရက်က လမ်းညွှန်ချက်အရ ၁၉၉၉ခုနှစ် ဧပြီလ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ ဒေသခံပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြု ပံ့ပိုးပေးရန်ဖြစ်သည်ဟု သိရသည်။



**မြိတ်မြို့ရှိ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ခုတင်၂၀၀ဆံ့အထူးကုဆေးရုံကြီးကို ဤသို့တွေ့ခဲ့ရသည်။**

မြိတ်မြို့ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို (အထူးကုဆေးရုံကြီးအဖြစ် ၁၉၉၈ခုနှစ်တွင် တိုးမြှင့်ခဲ့ပြီး အထူးကုလုပ်ငန်း ၁၂ခုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

၎င်းတို့မှာ အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အရိုးရောဂါအထူးကု၊ မျက်စိရောဂါအထူးကု၊ ဓာတ်မှန်အထူးကု၊ သွားရောဂါအထူးကု၊ မေ့ဆေးအထူးကု၊ စိတ်ရောဂါအထူးကု၊ နား၊နှာခေါင်း၊ လည်ချောင်းအထူးကု၊ ရောဂါဗေဒအထူးကုတို့ဖြစ်သည်။ ၎င်းဘာသာရပ် ၁၂ခုအနက် ၁၀ခုကို ဆေးရုံသစ်ကြီးမှာ ကုသပေးလျက်ရှိပြီး ဆေးရုံဟောင်းတွင် သားဖွားမီးယပ်အထူးကုနှင့် ကလေးရောဂါဘာသာရပ် အထူးကုတို့ကိုကုသဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကုသမှုလုပ်ငန်းလုပ်ဆောင်ရာ၌ကြားတွင် တံတိုင်းမရှိဘဲ လွယ်လွယ်ကူကူတစ်ပြေးညီ ကုသမှုရရှိနိုင်ရေးအတွက် ဆောင်ရွက်ထားသည်။ ဆေးကုသမှုလုပ်ငန်းများ လုပ်ဆောင်သောအခါ အရေးကြီးသောကဏ္ဍအလိုက် ပုံမှန်လုပ်ငန်း လုပ်ဆောင်နေသော်လည်း ထူးခြားချက်များလည်း တွေ့ရှိရသည်။ သို့သော် ဤဆေးရုံကြီး၌ ငွေကြေးမရှိ၍ ဆေးကုသမှုမခံရသော အဖြစ်မျိုး မကြုံကြိုက်စေခြင်း၊ လူသားချင်း စာနာသောအားဖြင့် ကုသမှုခံယူနိုင်ရန် အစီအမံများ ချမှတ်ထားခြင်း၊ လူမှုဘဝမပြည့်စုံသောသူများကို အခမဲ့ကုသပေးသည့်စနစ်၊ ချို့တဲ့၍ ခွဲစိတ်မှုမပြုနိုင်သော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်စိတိမ်စွဲ လူနာများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အားပေးကူညီမှုဖြင့်လည်း ကြိုတင်စီမံခွဲစိတ်သည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြိတ်မြို့ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးတွင် ဆေးပညာနှင့်ဆိုင်သော ကိရိယာများမှာ ခွဲစိတ်ခန်းသုံးမီးဆိုင်းနှင့် ခုတင်များ၊ မေ့ဆေးစက်များ၊ ခေတ်မီလျှပ်စစ်ပေါင်းအိုးများ၊ အထူးကြပ်မတ်ကုသခန်းသုံး မိုနီတာများ၊ ခုတင်များ၊E.C.G စက်များ၊ အလိုအလျောက် ဆေးထိုးသွင်းစက်များ၊ အသက်ရှူကိရိယာနှင့် နှလုံးနှိုးကိရိယာများ၊ ခေတ်မီနောက်ဆုံးပေါ် ANALIGER များ၊ အခြားဓာတ်ခွဲခန်းသုံး PROCESSORများ၊ FLURO-SCOPY ဓာတ်မှန်စက်နှင့် ရိုးရိုးဓာတ်မှန်စက်ကြီးများ၊ ULTRA-SOUNG(တီဗွီဓာတ်မှန်စက်)များ၊ ဓာတ်ငွေ့ရှုံသုံး ပိုက်လိုင်းစနစ်ဖြင့် သုံးစွဲသော COMPRESSOR ဖိအားမြှင့်စက်နှင့် VACUUM လေစုပ်စက်ကြီးများ၊ နား၊နှာခေါင်း လည်ချောင်းနှင့် မျက်စိလူနာများ သုံးသော ခွဲစိတ်မှန်ဘီလူးများ၊ သာမန်မှန်ဘီလူးများ၊ မျက်စိတိမ်ကြည့်စက်ကြီးများ၊ လမစေ့မွေးကင်းစ ကလေးပေါင်းချောင် JMCUBATERS များထားရှိပြီး ပြည်သူတို့၏ ကျန်းမာရေးကိုစောင့်ရှောက်လျက်ရှိနေ ပါကြောင်း တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း ရေးသားလိုက်ရခြင်း ဖြစ်ပါတော့သည်။



**ခွဲစိတ်ကုသပေး**

**မြိတ်မြို့အထူးကုဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်တစ်ဦးအား မျက်စိရောဂါအထူးကု ဆရာ၊ ဆရာဝန်များအဖွဲ့က ခွဲစိတ်ကုသပေးနေသည်ကိုလည်း ဤသို့တွေ့ခဲ့ရသည်။**

### ❀ စာပေဗိမာန်မှ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခေတ်မီစာအုပ်ဆိုင်ဖြစ်ရေးအတွက် အခင်းအကျင်းမှအစ ကျယ်ပြန့်သောအမြင်ဖြင့် ပြင်ဆင်ဆောင်ရွက်ရေး၊ ပြင်ပစာအုပ်တိုက်များမှ ထုတ်ဝေသော စာအုပ်အမျိုးအစားများ စုံလင်စွာ ဆိုင်တင်ရောင်းချနိုင်ရေး၊ ဆိုင်ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်လုပ်ငန်းလုံခြုံရေးအတွက် ဂရုပြုကြိုတင်ကာကွယ်ရေး၊ ဝါရင့်စာပေပညာရှင်များ ရေးသားသည့် အရည်အသွေးနှင့်အနှစ်သာရရှိသည့်စာအုပ်များ ဆိုင်တင်ရောင်းချနိုင်ရေး၊ စာပေဝါသနာရှင်များ၏ အကြံပြုချက်များရယူ၍ ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ရေးနှင့် ပိုမိုတိုးတက်အောင်မြင်သော စာအုပ်ဆိုင်အဖြစ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေးက စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို (E-Library)ခေတ်မီစာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စာပေဗိမာန်စာအုပ်ဆိုင်ကို ပြင်ပပုဂ္ဂလိကစာအုပ်ဆိုင်များကဲ့သို့ အသွင်သဏ္ဍာန်နှင့် အရည်အသွေး တိုးတက်ပြောင်းလဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စာပေဗိမာန် စာတည်းဌာနဆိုင်ရာ ကိစ္စရပ်များ၊ အပတ်စဉ်ထုတ် ရွှေသွေးစာစောင်၊ လစဉ်ထုတ် သုတပဒေသာ စာစောင်၊ နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်နှင့် ပြည်သူ့လက်စွဲ စာအုပ်များထုတ်ဝေမှု အခြေအနေနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးရဲတင့်၊ ကျွမ်းကျင်သူ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနညွှန်ကြားရေးမှူး ဦးတင့်ဆွေတို့က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နှစ်စဉ်ထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များတွင် အားနည်းချက်မရှိစေဘဲ ပြည့်စုံကောင်းမွန်သော စာအုပ်များဖြစ်အောင် ကြိုးပမ်းပြုစုရန်၊ နှစ်အလိုက်ထုတ်ဝေပြီးခဲ့သော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များမှ ဘာသာရပ်အကြောင်းအရာများအလိုက် ပြန်လည်စုစည်း၍ စာအုပ်ထုတ်ဝေရေးအတွက် အဖွဲ့ ဖွဲ့စည်းကာ စနစ်တကျဆက်လက်စီမံဆောင်ရွက်ရန်၊ ယခင်ထုတ်ဝေပြီးခဲ့သော စာကောင်းပေမွန်များအနက် ပြန်လည်ထုတ်ဝေသင့်သည့် စာအုပ်များကို Reprint ရိုက်နှိပ်ထုတ်ဝေနိုင်ရန်အတွက် စိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ ပုံနှိပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်၊ စာပေဆုရစာမူများအား နှစ်ချင်းပြီး ရိုက်နှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ရန်၊ စာတည်းဝန်ထမ်းများ၊ စာပေဝါသနာရှင်များအတွက် လစဉ်စာပေပညာပေးဟောပြောပွဲများ ပြုလုပ်မှုမှတ်တမ်းများ စနစ်တကျထားရှိပြီး နောင်လေ့လာလိုသူများ လေ့လာနိုင်ရေးဆောင်ရွက်ထားရန်၊ စာကြည့်တိုက်သို့ လာရောက်လေ့လာသော စာပေဝါသနာရှင်များအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်လုပ်ငန်းလုံခြုံရေးအတွက် ဝန်ထမ်းများနှင့်အတူ စာကြည့်တိုက်သို့ လာရောက်ကြသည့် ပြည်သူများကပါ လုံခြုံရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆောင်ရွက်ရန်၊ စာပေဗိမာန်စာအုပ်ဆိုင်သည် နိုင်ငံတော်ပိုင်ဖြစ်သော်လည်းပုဂ္ဂလိကအရောင်းဆိုင်များကဲ့သို့ ခင်းကျင်းမှုနှင့် ဝန်ထမ်းများ၏ ဆက်ဆံရေး၊ လုပ်ငန်းဆောင်ရွက်မှုစနစ်တို့ကို ပြောင်းလဲလုပ်ဆောင်ရန်၊ ထိုသို့လုပ်ဆောင်ရာတွင် ငွေကြေးနှင့် ပတ်သက်သည့် အားနည်းချက်များ မရှိစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေဗိမာန်အဆောက်အအုံ ပထမထပ်ရှိ ရည်ညွှန်းစာပေဌာနစိတ်နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ရှိ E-Library အတွင်း ကွန်ပျူတာဖြင့် စာအုပ်စာရင်းရေးသွင်းနေမှု၊ စာအုပ်စာစောင်များ စနစ်တကျ စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။ (သတင်းစဉ်)





**ကမ္ဘာလှည့်တစ်ဦး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာပစ္စည်းများ အရောင်းဆိုင်တွင် ဝယ်ယူရန်လေ့လာနေစဉ်။**

## ပန်းပွဲတော်လေ့လာ

**မြန်မာနိုင်ငံသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လျက်ရှိရာ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသော ပန်းပွဲတော်တွင် ကမ္ဘာလှည့်များ ဤသို့ လေ့လာခဲ့ကြသည်။**

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖြစ်ထွန်းလာရေးအတွက် နိုင်ငံသားများအားလုံး အချင်းချင်း တက်ညီလက်ညီ စည်းစည်းလုံးလုံးဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကို ဟန်ချက်ညီညီ အလေးထားဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွား တိုးတက်လာမည်ဖြစ်ပေသည်။ ။

### ❂ကမ္ဘာလှည့်ခရီးသွားမှ

ခရီးသွားလုပ်ငန်း အခြေအနေသည် လွန်ခဲ့သောနှစ်များနှင့် နှိုင်းစာလျှင် လျော့နည်းမည်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်းများကား အဆက်ပြတ်မသွားဟု ဆိုရမည်ဖြစ်သည်။

ယနေ့ကာလသည် ကမ္ဘာနှင့်အဝန်းတွင် ခရီးသွားလုပ်ငန်းများ၌ အဟန့်အတား ဖြစ်စေသော အကြောင်းတရားများ ဖြစ်ပေါ်လျက်ရှိသည်။ ခရီးသွားဆိုသည်မှာ သာယာသည်ကိုသာ ကြည့်လိုကြ၏။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်မေလက သဘာဝဘေးအန္တရာယ် ခံခဲ့ရ၏၊ ပြန်လည်ထူထောင် တည်ဆောက်မှုမှာလည်း လျင်မြန်လှ၏။ ယခု ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ရာကမ္ဘာ့နိုင်ငံများနှင့်နှိုင်းစာလျှင်ပိုမိုကောင်းမွန်သော အနေအထားရှိ၏။

ထို့ကြောင့် ခရီးသွားလုပ်ငန်း အရှိန်အဟုန် မမြင့်သော်လည်း သိသိသာသာ လျော့နည်းနိုင်သည်ဟု မယူဆချေ။ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနကလည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်စေရေးအတွက် အစီအမံများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ၏။

ထို့ကြောင့် ခရီးသွားရာသီမစမီ ခရီးသွား အနေအထားများအား တစေ့တစောင်း ကွင်းဆင်းလေ့လာကြည့်မိသည်။

မရောက်ဖြစ်သည်မှာကြာပြီဖြစ်သောရန်ကုန်မြို့လယ်သို့ရောက်ဖြစ်ခဲ့သည်။ မရောက်တာကြာသော်လည်း အရင်အတိုင်းပင် သွားသူ၊ လာသူများ၊ ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားလျက်ရှိနေပေသည်။

ဗိုလ်ချုပ်ဈေးဘက်သို့ ခြေဦးလှည့်မိရာက ယနေ့သည် စနေနေ့ဖြစ်သည့်အလျောက် အထူးစည်ကားနေသည်ကို တွေ့မြင်၍ဈေးတစ်ပတ်ကြည့်မိရာ အပြင်ဘက်ဈေးဆိုင်များတွင် ဈေးဝယ်လာသူများနှင့် ဈေးရောင်းချသူတို့သည် တစ်ဦးနှင့်တစ်ဦး ဈေးကစားပြောဆိုနေကြသည်ကို လေ့လာမိသည်။ ယင်းနောက် ဈေးရုံကြီးထဲသို့ ဝင်ရောက်ခဲ့ရာတွင် နိုင်ငံခြားသားများကို ဟိုဘက်တစ်စု၊ ဒီဘက်တစ်စုနှင့် သွားလာနေသည်ကို မြင်ရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ဟိုဆိုင်ဝင်၊ ဒီဆိုင်ဝင်ဖြင့် လိုချင်သည့်ပစ္စည်းများကို ကြည့်ခြင်း၊ ဈေးမေးခြင်း၊ ဈေးညှိပြီးပါက လိုချင်သည့်ပစ္စည်းများကို ဝယ်ယူခြင်းတို့ကိုလည်း မြင်တွေ့ရသည်။ ရောင်းသူရော ဝယ်သူပါ စိတ်ချမ်းသာစွာ ပြုံးရွှင်နေကြသည်။ ထို့နောက် အတွင်းလမ်းဘက်သို့ ချိုးကွေ့လိုက်သည့်အခါ အနောက်နိုင်ငံသားတစ်ဦးသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာများ ရောင်းချသော ဆိုင်တစ်ဆိုင်တွင် ဆိုင်ရှင်က အရုပ်ကလေး၏အကြောင်းကိုရှင်းပြနေသည်ကို ဧည့်သည်နိုင်ငံခြားသားက စိတ်ဝင်စားစွာ နားထောင်လျက်ရှိသဖြင့်အမှတ်မထင်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် ဆက်လက်နားစွင့်နေရာ အရုပ်ကို ကြိုက်ရောင်းကြိုက်ဝယ်ဖြင့်ဈေးတည့်သွားသည်ကို မြင်တွေ့လိုက်ရသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဈေး မျက်နှာစာတန်းဘက်သို့ ရောက်ရှိရာ ယွန်းပစ္စည်းမျိုးစုံဆိုင်များတွင်လည်းကောင်း ပန်းချီများ ချိတ်ဆွဲရောင်းချသော ဆိုင်များတွင်လည်းကောင်း ကမ္ဘာလှည့်ခရီးသွားများ လေ့လာပြီး ဝယ်ယူနေကြသည်ကိုမြင်တွေ့ရပြန်သည်။ အပြင်ဘက်တန်းတွင်မူ လက်ဝတ်ရတနာမျိုးစုံနှင့် အမှတ်တရပစ္စည်းများ ရောင်းချသော ဆိုင်တစ်ဆိုင်အတွင်း ကြည့်လိုက်ရာ နိုင်ငံခြားသား ဇနီးမောင်နှံတို့သည် ပစ္စည်းများရွေးချယ်နေသည်ကို တွေ့ရသည်။ ၎င်းတို့ ဇနီးမောင်နှံသည်ပစ္စည်းများကို စိတ်ကြိုက်ရွေးချယ်ပြီး ဝယ်ယူလျက်ရှိသဖြင့် ခဏစောင့်ကာ မိတ်ဆက်စကား ပြောကြားပြီး နှုတ်ဆက်မိသည်။ ၎င်းတို့သည် အီတလီနိုင်ငံမှလာသော ကမ္ဘာလှည့်ခရီးသွားများဖြစ်ပြီး အပြန်တွင် ဆွေမျိုး သားချင်း များအတွက် မြန်မာနိုင်ငံမှ အပြန်လက်ဆောင်ပေးရန် ဈေးဝယ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့ဆိုင်ပြင်ထွက်သောအခါ နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

၂၀၀၈ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ထုတ်သတင်းစာတွင်မြန်မာနိုင်ငံ ခရီးသွားများလုပ်ငန်း မြှင့်တင်တိုးတက်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်သည့်သတင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားချက်အချို့ကို ပြန်လည် စဉ်းစားမိ၏။ "ယနေ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ဒေသတစ်ခုတွင် စီးပွားရေးတိုးတက် ကောင်းမွန်လာပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည့်အတွက် လူနေမှုအဆင့်အတန်းသည်လည်းတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှု (Service) လုပ်ငန်းတစ်ခုဖြစ်ပြီး အခြားလုပ်ငန်းဌာနများနှင့်ဆက်စပ်ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည့်အတွက် ကျယ်ပြန့်ပြီး သိမ်မွေ့နက်ရှိုင်းမှုရှိကြောင်း၊ ဤလုပ်ငန်းက ရသည့်ဝင်ငွေသည်နိုင်ငံအတွင်းတွင် တည်ရှိသည့်လူထုလူတန်းစား အသီးသီးထံသို့ စိမ့်ဝင်စီးဆင်းသွားပြီး ပြည်သူကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းဖြစ်ကြောင်း" မှာကြားချက်ကို သတိရမိသည်။ အမှန်တကယ် လူထုထဲသို့ တိုက်ရိုက်စိမ့်ဝင်သွားသည်ကို လက်တွေ့မြင်ခဲ့မိသည်။



**အမှတ်တရ ပစ္စည်းများ ရောင်းချသော အရောင်းဆိုင်တွင် အီတလီနိုင်ငံမှ ဇနီးမောင်နှံတို့ ဝယ်ယူရန် ပစ္စည်းရွေးချယ်နေကြစဉ်။**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၉-၂၀၀၈ (တနင်္လာနေ့)(၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ လေးဆူဓာတ်စုံရွှေစာရံ
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၀ ၇။ ၂၀၀၈ ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (ဝါသနာရှင် ဒုတိယတန်း) အဆင့် (အမျိုးသား)
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ Islands of Dhamma.
- ၈း၄၅ ၁၀။ ဘဒ္ဒန္တမာနိတသီရိဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သူဌေးတန်းကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းထံမှ နဝဂ်ဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၄း၃၅ ၄။ တေးဂီတအစီအစဉ် (မြန်မာအသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၅၅ ၆။ အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက -၁၊ စမ်းချောင်း) (စမ်းမာလာဝတ်ရွတ်အဖွဲ့)
- ၅း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ **"မြူတိမ်ကင်းသောနေ့"(ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) ဒါရိုက်တာ-သိန်းဟန် (ဖိုးနစ်)**
- ၅း၄၅ ၁၀။ ၂၀၀၈ ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (ဝါသနာရှင် ဒုတိယတန်း) အဆင့် (အမျိုးသမီး)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှူရှာမယ် လှူကမ္ဘာဝယ်
- ၆း၅၅ ၁၄။ **'ကျန်းမာသန်ထွား ဉာဏ်မြင့်မား' (မင်းရာဇ၊ မိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-ခင်ဇော် ကုမုဒြာ)**
- ၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်' (အပိုင်း-၁၁)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်' (အပိုင်း-၁၁)
- ၂၀။ **မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
- ၂၁။ အစီအစဉ်ပြီး၏။

## သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စားမူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီအရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ၂၀၀၈ ခုနှစ် ဒုတိယ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး ပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သည့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ပြိုင်ပွဲ၌ ရရှိခဲ့သော ဆုများကိုအပ်နှံစဉ်။ (သတင်းစဉ်)

# အောင်ပွဲရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၁

**၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အောင်ပွဲရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၉ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။**

ထို့နောက် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ တာဝန်ရှိသူများက ရရှိခဲ့သော ပထမဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်း၊ အသန့်ရှင်းဆုံး ဘောလုံးအသင်း ဆုဖလားတို့ကို ဝန်ကြီးထံ အပ်နှံကြရာ ဝန်ကြီးက အောင်ပွဲရ ဘောလုံးအသင်းအတွက် ဆုကြေးငွေ ကျပ် ၁၀ သိန်းကို ပြန်လည်ပေးအပ်ချီးမြှင့်ပြီး နည်းပြနှစ်ဦးအား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းနှင့် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဘောလုံးအသင်းအုပ်ချုပ်သူ ညွှန်ကြားရေးမှူး ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တိုက်ကြီးတွင် အထူးဈေးရောင်းပွဲတော်ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မြို့နယ်ခန်းမ၌ စက်တင်ဘာ ၂၀ရက်နံနက် ၈နာရီက အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဝန်ကြီးဌာနမှအထူးအရာရှိဗိုလ်မှူးကြီး ဝင်းနောင်၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် စက်ရုံမှူး ဦးအောင်စောထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ဗိုလ်မှူးကြီးဝင်းနောင်နှင့် ဧည့်သည်တော်များက အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းဈေးရောင်းပွဲတော်တွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန အောက်ရှိ မြန်မာ့အထည်အလိပ် လုပ်ငန်းအရောင်းဆိုင်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း အရောင်းဆိုင်၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း အရောင်းဆိုင်၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းအရောင်းဆိုင်၊ မြန်မာ့စက္ကူနှင့်ဓာတုပစ္စည်းအရောင်းဆိုင်၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအရောင်းဆိုင်များမှ လူသုံးကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် စက်တင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

# အမျိုးသမီးဆရာဝန်များအဖွဲ့ ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဒေါ်လှပန်းလမ်းရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျင်းပသည်။**

အဆိုပါဟောပြောပွဲသို့မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေး၊ အတွင်းရေးမှူး ဒေါက်တာဒေါ်မြတ်လေးကျင်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ မျက်စိအထူးကုဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန်၊ သွားအထူးကုဆရာဝန်၊ မြို့နယ်ကျန်းမာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

**အခမဲ့**

ရှေးဦးစွာ အမျိုးသမီးဆရာဝန်များအဖွဲ့မှ ကလေးအထူးကု၊ အထွေထွေရောဂါကု၊မျက်စိအထူးကုဆရာဝန်များက ကျောင်းသား၊ကျောင်းသူ ၉၀၊ သွားအထူးကုဆရာဝန်က ကျောင်းသား၊ ကျောင်းသူ ၁၈၀ ဦး တို့အား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အခမဲ့စမ်းသပ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးလှူခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးနှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်မြတ်လေးကျင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးသည်။

ယင်းနောက် အမျိုးသမီးဆရာဝန်များအဖွဲ့ နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့သည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)




**မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များ အဖွဲ့ ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်မာအေး မရမ်းကုန်း မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။** (မြို့တော်စည်ပင်)

# ဘော်လီဘောနည်းစနစ် သင်တန်းတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၁**

ကမ္ဘာ့ဘော်လီဘော အဖွဲ့ချုပ်နှင့် အာရှဘော်လီဘောအဖွဲ့ချုပ်တို့ကြီးမှူးဖွင့်လှစ်သည့် ဘော်လီဘောနည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းကို တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ နည်းပြဆရာများဖြစ်သည့် ဦးသိန်းဆွေနှင့် ဦးလွှမ်းမိုးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အောက်ပုံ)**

အဆိုပါ သင်တန်းကို ထိုင်းနိုင်ငံ၌ စက်တင်ဘာ၂၂ ရက်မှ၂၆ရက်အထိဖွင့်လှစ်သွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများအပါအဝင် အာရှနိုင်ငံများမှ တက်ရောက်ကြမည် ဖြစ်သည်။ သင်တန်းကြီးကြပ်သူအဖြစ် ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်မှ Dr. Dusan Jarotta က ဆောင်ရွက်သွားမည် ဖြစ်သည်။ (ကြေးမုံ)



# ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အခြေခံပညာကျောင်းပေါင်း ၇၃ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်းပွဲကို စက်တင်ဘာ ၄ရက်က ကမာကဆစ်ရပ်ကွက် အမှတ်(၂) အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်နှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေကျပ် ၁၂၅၃၀၀၀တန်ဖိုးရှိ စာရေးကိရိယာများကို (၁၃)ကြိမ်မြောက် လှူဒါန်းခဲ့ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူ အသီးသီးအား ခွဲဝေလှူဒါန်းခဲ့ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက (၁၃)ကြိမ်မြောက် အလှူရှင် ကျောင်းဥက္ကဋ္ဌ ဦးမောင်လှကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၉-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၀ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း ၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စံပါပဲ (အပိုင်း-၁၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ ဖူးစာ (အပိုင်း-၈)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

✻ ကျောက်ဆည်မှ
တန် ၆၃၀၊ တန် ၁၂၀၀၊ တန် ၃၅၀ အုတ်ရိုက်စက်များဖြင့် အဆင့်မြင့် မီးခံအုတ် ထုတ်လုပ်နေမှုနှင့် စက်ရုံမှ ထုတ်လုပ်သော မီးခံအုတ်အမျိုးမျိုး တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက်ဘီးစက်ရုံ (ကျောက်ဆည်)၌ စက်ဘီးအစိတ်အပိုင်း ၁၅ မျိုး စမ်းသပ်ထုတ်လုပ်မှု၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်၊ စက်ရုံမှ ထုတ်လုပ်ထားသော ကျားစီး၊ မစီး၊ ကုန်တင်စက်ဘီး၊ လျှပ်စစ်စက်ဘီးတို့ကိုကြည့်ရှုစစ်ဆေးပြီး အပ်ချုပ်စက်ရုံ (ကျောက်ဆည်)၌ စက်ရုံမှ ထုတ်လုပ်သော အဓိကစက်အစိတ်အပိုင်း၊ ဆက်စပ်ပစ္စည်းများနှင့် ဘိလပ်မြေစက်ရုံမှ အပ်နှံသော Steel Ballများ၊ ပုံလောင်း၊ ပုံထောင်း ကုန်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက သွင်းအားစု ကုန်ကြမ်းများ၊ လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၁

ဦးဖုန်းဇော်သည် သန်လျင်ဂေါက်ကလပ်၌ စက်တင်ဘာ ၁၈ ရက်က ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ် ၁၇ သို့ ၁၀၁ ကိုက်အကွာမှ REYGRANDE No.8 ဘောလုံးအား MARUMAN 1 Sandwedge တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင်ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်တိုး၊ ဦးညဏ်မိုး၊ ဦးရဲကျော်ညွန့်၊ ဦးသောင်းဟန် တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(၅၄၂)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# အသက်(၂၁)နှစ်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ရက်မှ အောက်တိုဘာ ၈ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန် (မော်လမြိုင်)၌ လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ရက်မှ ၂၄ရက်အထိ ရပခဇုန် (တောင်ကြီး)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ချယ်လ်ဆီးတို့ မန်ယူကိုသရေကစားပြီး အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကိုဆက်ထိန်းနိုင်ခဲ့

လန်ဒန် စက်တင်ဘာ ၂၁

**ယနေ့ပွဲတွင် အိမ်ရှင်ချယ်လ်ဆီးနဲ့ ဧည့်သည်မန်ယူတို့ဟာ ၄း၅း၁ ပုံစံနဲ့ ပွဲထွက်လာခဲ့ကြပါတယ်။ ချယ်လ်ဆီးဟာ ရှေ့မှာအနယ်လ်ကာ တစ်ဦးတည်းကို အထောင်ထားပြီး ကွင်းလယ်မှာ လမ်းပတ်၊ ဘောလက်၊ ဂျိုကိုးလ်၊ မာလူဒါနဲ့ မီခေးတို့ကို တွဲဖက်ကစားစေခဲ့ပါတယ်။ မန်ယူအသင်းမှာတော့ ဘာဘာတော့ဗ်ကို ရှေ့တင်ပြီး ဝိန်းရွန်နေး၊ ပေါလ်စခိုး၊ အိုဝင်ဟားဂရေ့၊ ဖလက်ချာနဲ့ ပက်ဂျီဆန်တို့ရဲ့ ကွင်းလယ်အားနဲ့ အိမ်ရှင်ကို ရင်ဆိုင်ဖို့ ကြိုးစားခဲ့ပါတယ်။**

ပွဲအစ ငါးမိနစ်မှာ ညာခြမ်းက အိုဝင်ဟားဂရေ့ ဂိုးရှေ့ဖြတ်တင်ပေးတဲ့ဘောလုံးကို ဖလက်ချာအပိုင်ပိတ်ခဲ့ပေမယ့် ဂိုးပေါက်လွဲချော်ခဲ့ပါတယ်။ကိုးမိနစ်မှာ ဂျိုကိုးလ်မန်ယူ ဂိုးသမား ဗန်ဒါဆားနဲ့ တစ်ယောက်ချင်းတွေ့ပြီး အပိုင်ကန်သွင်းပေမယ့် ဂိုးပေါက်မတည့်ခဲ့ပါဘူး။

ပွဲချိန် ၁၆ မိနစ်မှာ ဝိန်းရွန်နေး ဘောလုံးရသွားပြီး ညာခြမ်းက အဆင်သင့်ပါလာတဲ့ ဖာဒီနန်ကို ထိုးပေးလိုက်ရာမှာ ဖာဒီနန် ဂိုးနဲ့ အနီးကပ် ကန်သွင်းခဲ့ပေမယ့် ပီတာချက်အကောင်းဆုံးကာကွယ်သွားနိုင်ခဲ့တာကြောင့် မန်ယူအတွက် တစ်ဂိုးနစ်နာခဲ့တယ်လို့ ဆိုရမှာပါ။

မန်ယူအတွက် ဦးဆောင်ဂိုးကိုတော့ ပထမပိုင်း၁၈မိနစ် အရောက်မှာ ဘယ်ခြမ်းက အီဗရာ ဂိုးရှေ့ထိုးပေးရာ ဘာဘာတော့ဗ် ကန်သွင်းပေမယ့် ဂိုးသမားနဲ့ထိပြီး ပြန်အထွက်မှာ ပက်ဂျီဆန်က အသာအယာ ပိတ်သွင်းယူနိုင်ခဲ့တာပဲဖြစ်ပါတယ်။

၃၉မိနစ်မှာ အဲစ်လစ်ရဲ့ ကန်ချက်ကို မန်ယူဂိုးသမား ကာကွယ်နိုင်ခဲ့သလို မိနစ်၄၀မှာ အနယ်လ်ကာရဲ့ကန်ချက် ဂိုးဘားကျော်သွားခဲ့တာကြောင့် မန်ယူတို့အတွက် ကံကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ ပထမပိုင်း ၃၅ မိနစ်မှာ ပေါလ်စခိုးနဲ့ ၄၁ မိနစ်မှာ ဖာဒီနန်တို့ အဝါကတ်ပြသတိပေးခြင်း ခံခဲ့ရပါတယ်။


မန်ယူအတွက် ဦးဆောင်ဂိုးကို ကွင်းလယ်လူ ပက်ဂျီဆန် သွင်းယူနေစဉ်။

ဒုတိယပိုင်းမှာ ပွဲစတာနဲ့ အိမ်ရှင်ချယ်လ်ဆီးတို့ဟာ ချေပဂိုးရရှိရေးအတွက် ဒရော့ဘာကို ထည့်သွင်းပြီး မန်ယူဘက်ကို တရစပ်ဖိအားပေး တိုက်စစ်ဆင်ကစားခဲ့ပါတယ်။ ၆၅ မိနစ်မှာဂျိုကိုးလ်ကပဲ မန်ယူဂိုးသမား ကုဇက်နဲ့ တစ်ဦးချင်းတွေ့ပြီး အနီးကပ် အပိုင်ကန်သွင်းခဲ့ပေမယ့် ဂိုးသမားကုဇက် ကာကွယ်သွားနိုင်ခဲ့ပါတယ်။ဒုတိယပိုင်းပွဲချိန် ၇၉မိနစ်အရောက်မှာတော့ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ကာလူးခေါင်းတိုက်ပြီး ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းပေးနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးတို့ ချေပဂိုးရအပြီးမှာအနိုင်ဂိုးရရေးအတွက် ဆက်လက်တိုက်စစ်ဆင်ခဲ့သော်လည်း မန်ယူနောက်တန်းကောင်းလွန်း၍ အနိုင်ဂိုးမရရှိဘဲ ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲ ဖြစ်သွားခဲ့ရပါတယ်။မန်ယူအသင်းတွင် ဒုတိယပိုင်း ၅၇မိနစ်မှာဂယ်ရီနဗီး၊ ၅၉မိနစ်မှာ ဘာဘာတော့ဗ်၊ ၇၉မိနစ်မှာ ရွန်နေး၊ ၈၆မိနစ်မှာ အီဗရာ၊ ၉၂မိနစ်မှာ ရော်နယ်လ်ဒိုတို့ အဝါကတ်ထိခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ၆၇ မိနစ်မှာ မီခေးလ် အဝါကတ် ပြခံခဲ့ရပါတယ်။

ယနေ့ပွဲတွင် ချယ်လ်ဆီးအသင်းမှာ ၁၂မိနစ်တွင် ကာဗယ်ဟိုအစား အဲလစ်၊၄၆မိနစ်တွင်မာလူဒါအစား ဒရော့ဘာ၊၇၄မိနစ်တွင် ဘောလက်အစားကာလူးတို့လူစားဝင်ကစားခဲ့ပြီး မန်ယူအသင်းတွင် ၃၂မိနစ်၌ ဗန်ဒါဆားအစား ကုဇက်၊ ၅၆ မိနစ်တွင်ပေါလ်စခိုးအစား ရော်နယ်လ်ဒို၊ ၇၄ မိနစ်တွင် ပက်ဂျီဆန်အစား အိုရှီးယားတို့ လူစားဝင်ရောက်ကစားသွားခဲ့ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၅)၏အခြားပွဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

| | | |
|---|---|---|
| **ဝက်စ်ဘရွန်း** | **၁ - ၂** | **ဗီလာ** |
| **စပါး** | **၀ - ၀** | **ဝီဂန်** |
| **မန်စီးတီး** | **၆ - ၀** | **ပို့စ်မောက်** |
| **ဟူးလ်စီးတီး** | **၂ - ၂** | **အဲဗာတန်** |

ဝင်းတင်(ကြေးမုံ)

## ပြည်ပဖြစ်ရပ် မှုခင်းသတင်း

### လအတန်ကြာပျောက်ကွယ်သေဆုံးခဲ့သည့် မိန်းကလေးငယ်တရားခံအား အစ္စရေးရဲတပ်ဖွဲ့ ရှာမတွေ့သေး



လွန်ခဲ့သည့် မေလကတည်းက ပျောက်ဆုံးနေခဲ့သော မိန်းကလေးငယ်ကို မိဘများတိုင်ချက်ဖွင့်၍ ရဲတပ်ဖွဲ့က အပူတပြင်း ရှာဖွေခဲ့သည်။ သို့သော် မိန်းကလေးငယ်တစ်ဦး၏ ရုပ်အလောင်းကိုသာ အစ္စရေးနိုင်ငံအတွင်း ရှာဖွေတွေ့ရှိခဲ့သည်။ အသက်လေးနှစ်မျှသာ ရှိသေးသော ရို့စ်ပိုင်ဇမ်၏ အလောင်းကို စက်တင်ဘာ ၁၁ရက်က တဲလ်အဗစ်မြို့အနီး မြစ်တစ်ခုအတွင်းမှ အဝတ်အစားအိတ်တစ်လုံးအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရို့စ်၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အစ္စရေးနိုင်ငံ တစ်နံတစ်လျား ရို့စ်အား ရှာပုံတော်ဖွင့်ခဲ့ရသော အစ္စရေးရဲတပ်ဖွဲ့များသည် သူမအား သတ်ခဲ့သူကို ရှာဖွေနေကြသည်။

မူလက ရို့စ်၏အဘိုးဖြစ်သူ ရွန်နီရွန်က သူမအား ၎င်းသတ်ဖြတ်ခဲ့သည်ဟု ဝန်ခံခဲ့ပြီးမှ ၎င်းအား အတင်းအကျပ် ဖြောင့်ချက်ပေးခိုင်းသည်ဟု ပြောင်းလဲထွက်ဆိုသွားသည်။ ရေငုပ်သမားနှစ်ဦးတို့သည် မြစ်အတွင်းရှိ အနီးရောင်သေတ္တာတစ်လုံးအား ရရှိခဲ့ပြီး ရို့စ်၏ ကြွင်းကျန်သောလူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကိုတွေ့ရှိခဲ့သည်။ရဲများက ထိုလူ့ခန္ဓာကိုယ်အကြွင်းအကျန်များကို DNA စစ်ဆေးမှု ပြုလုပ်ခဲ့အပြီးတွင် ပြင်သစ်နိုင်ငံဖွား အစ္စရေးမလေး ရို့စ်ပိုင်ဇမ်ဖြစ်သည်ဟု ကြေညာခဲ့သည်။

ရို့စ်ပျောက်ဆုံးနေကတည်းက ကလေး၏သတင်းကို စိတ်ဝင်တစား နားစွင့်နေခဲ့သည့် အစ္စရေးပြည်သူအများအပြားသည် ကလေး၏ ရုပ်အလောင်းအား ရှာဖွေတွေ့ရှိခဲ့သော ယာကွန်မြစ်ကမ်းသို့ လွမ်းသူ့ပန်းခွေများ လာရောက်ထားရှိနေသကဲ့သို့ ဖယောင်းတိုင်ထွန်းပြီး ဝတ်ပြုဆုတောင်းမှုများလည်း သူမအားရည်စူး၍ ပြုလုပ်ပေးနေကြသည်။ ရို့စ်သေဆုံးမှုတွင် ရွန်မှာ အဓိက သံသယအရှိဆုံးပုဂ္ဂိုလ်ဖြစ်သော်လည်း ရှုပ်ထွေးမှုများ ရှိနေဆဲဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့ကဆိုသည်။ ရို့စ်သေဆုံးမှုအတွက် အစ္စရေးတစ်နိုင်ငံလုံး အလွန်ဝမ်းနည်းနေကြပြီး သူမအတွက် ရည်စူးထားသော ဝက်ဝံရုပ်ကလေးများ၊ ချောကလက်များနှင့် ပန်းများမှာ မြစ်ကမ်းဘေးသို့ တဖွဲဖွဲရောက်ရှိလာနေဆဲ ဖြစ်သည်။

စာတစ်စောင်တွင် ကလေးလက်ရေးဖြင့်ရေးသားထားသော "ရို့စ်ရေမင်းကိုငါချစ်တယ်၊ သတိလဲရတယ်၊ ဘုရားသခင် မင်းကို ကောင်းချီးပေးပါစေ"ဟု ရေးသားထားသည်။ မေလအတွင်း ရို့စ်ပျောက်ဆုံးသွားချိန်ကတည်းက အလွန်အမင်းပူပန်နေခဲ့သော မိဘနှစ်ပါးမှာ ဖြေမဆည်နိုင်အောင်ဖြစ်နေကြရှာသည်။ ရို့စ်၏ကြွင်းကျန်နေသော ရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံလိုက်ပြီဖြစ်ပြီး မိခင်ဖြစ်သူ မာရီယာချားလော့ရေးနေ့ဘ်က သမီးငယ်အတွက် စာတစ်စောင်အား ဂူပေါ်တွင်ရေးသားထားခဲ့သည်။ အစ္စရေးနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရို့စ်အားသတ်ဖြတ်သွားသူကို ဖော်ထုတ်သွားရန်အတွက် ဖိအားပေးတောင်းဆိုမှုများ ခံနေရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အင်တာနက်။**

## Executive Diploma in Logistics and Supply Chain Management သင်တန်းမိတ်ဆက် ရှင်းလင်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

STI Education သည် Logistics နှင့် Supply Chain Management ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၀၇ နှစ်ဦးပိုင်းမှစကာ ပြည်တွင်းပြည်ပမှ ပညာရှင်များအား ဖိတ်ခေါ်၍ ကျင်းပ ပေးလျက်ရှိသည်။ ထို့ပြင် Diploma in Logistics နှင့် Supply Chain ဘာသာရပ်များကို ပြည်တွင်းရှိ ဝါရင့်ဆရာ၊ ဆရာမကြီးများက ပို့ချပေးလျက်ရှိရာ ယနေ့အထိ သင်တန်းသားအမြောက်အများ အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ စင်ကာပူနိုင်ငံအခြေစိုက် Singapore Institute of Materials Management နှင့် ပူးပေါင်း၍ လက်တွေ့လုပ်ငန်းခွင်ရှိ အဆင့်မြင့်ဝန်ထမ်းများအတွက် Executive Diploma in Logistics and Supply Chain Management သင်တန်းကို မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီး သင်တန်းတွင် ဘာသာရပ်စုစုပေါင်း ခုနစ်ခု ပါဝင်မည်ဖြစ်ကာ ဘာသာရပ်ငါးခုကို STI Education ၌ လည်းကောင်း၊ ကျန်ဘာသာရပ်နှစ်ခုကို SIMM, Singapore ၌ လည်းကောင်း ပို့ချမည်ဖြစ်သည်။ STI ၌ ပို့ချမည့်ဘာသာရပ် ငါးခုတွင် ဘာသာရပ် တစ်ခုစီအတွက် SIMM မှ Trainer များက ရန်ကုန်မြို့၌ ကိုယ်တိုင်လာရောက်ပို့ချမည်ဖြစ်ပြီး ပြည်တွင်းမှ ဆရာများကလည်း ပံ့ပိုးသင်ကြားပေးမည် ဖြစ်သည်။

SIMM တွင် Module နှစ်ခု သင်ကြားနေစဉ်အတွင်း စင်ကာပူ Industries, Logisticsites များသို့ လေ့လာရေးခရီးစဉ် ပါရှိမည်ဖြစ်သည်။ သင်ကြားမည့်နည်းလမ်းမှာ e-Learning ကို အခြေခံ၍ ကမ္ဘာ့ထိပ်တန်းFortune(500)ကုမ္ပဏီကြီးများ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများနှင့် သင်ခန်းစာရရှိနိုင်သည့် Case Studies များ လေ့လာခြင်း၊ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး ပြန်လည်သုံးသပ်တင်ပြခြင်း၊ သင်ခန်းစာများ၏ အစီရင်ခံချက်များကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆုံးဖြတ်၍ လုပ်ဆောင်ရမည့် နည်းဗျူဟာများ ချမှတ်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

သင်တန်းတွင် တစ်ဦးချင်း Assignment နှင့် အုပ်စုအလိုက် Assignment များ ပါဝင်ပြီး Module တစ်ခုစီအတွက် စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကိုအလုပ်အကိုင်လုပ်နေသူများ တက်ရောက်နိုင်ရန် စနေ၊ တနင်္ဂနွေ စီစဉ်ထားကြောင်း၊ သင်တန်းဝင်ခွင့် အရည်အချင်းမှာ တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုရရှိထားပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည် ဖြစ်သည့်အပြင် အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲကို အောင်မြင်သူ ဖြစ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်စတင်မည့် အထိမ်းအမှတ်အဖြစ် စကောလားရှစ်ဆု ပေးရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။

ယင်းသင်တန်းနှင့်ပတ်သက်၍အသေးစိတ်ရှင်းလင်းပွဲကို အောက်တိုဘာ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပြီး STI Education အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်ကောလိပ် လှိုင်နယ်မြေ ရန်ကုန်မြို့(သို့) အမှတ် ၃၇၇အထက်ရွှေဘုံသာလမ်းပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၆/၄၈ နှင့် ၅၀၇၁၅၁/၅၂ တို့သို့ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် အဆင့်မြှင့်တင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မှာကြား



**ကြည့်ရှုစစ်ဆေး**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ရန်ကုန်  စက်တင်ဘာ  ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက်ဂနာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်၌ ကျင်းပသည့် စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တို့ အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို မှာကြားသည်။

အစည်းအဝေးသို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးရာပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေးနှင့် ဌာနခွဲမှူး(ထုတ်လုပ်)ဒေါ်မြင့်သီတာခိုင်တို့က ပြင်ပ စာအုပ်တိုက်များမှ စာအုပ်များ အပ်နှံရောင်းချမှု၊ အရောင်းကောင်တာ(၃)ခု ဖွင့်လှစ်၍ ပြင်ပတိုက်ထုတ် စာအုပ်များ၊ အစိုးရတိုက်ထုတ် စာအုပ်များနှင့် စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များ ခင်းကျင်းရောင်းချနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

# အင်းလေးခရမ်းချဉ်သီး လှိုင်လှိုင်ပေါ်

**ရန်ကုန်  စက်တင်ဘာ  ၂၁**

အင်းလေးဒေသခံများသည် ခရမ်းချဉ်သီးကို ကျွန်းမျောများပေါ်တွင် အဓိကအားဖြင့် စိုက်ပျိုးလေ့ရှိကြသည်။ ရေနှင့်ဓာတ်မြေဩဇာများ၊ သဘာဝရေမှော် မြေဆွေးများကြောင့် အင်းသီးခေါ် အင်းလေးခရမ်းချဉ်သီးမှာ နှစ်စဉ်အထွက်ကောင်းပြီး တာရှည်အထားခံခြင်း၊ အနှစ်အရသာကောင်းခြင်းတို့ကြောင့် လူကြိုက်များလျက်ရှိသည်။

အင်းလေး ခရမ်းချဉ်သီးကို အများအားဖြင့် ဝါဆိုလပြည့်မှစ၍ စတင်စိုက်ပျိုးလေ့ရှိကြပြီး စိုက်၍ နှစ်လခန့်ကြာလျှင် အသီးစတင်ဆွတ်ခူးနိုင်ကြောင်း သိရသည်။

အကြမ်းအားဖြင့် ခရမ်းချဉ်အထွက်နှုန်းမှာ ကျွန်းမျောငါးလံစိုက်ခင်းမှ ခရမ်းချဉ်သီးခွဲတောင်း တစ်တောင်းခန့်ရရှိပြီး အပင်မျိုးမတုံးမချင်း တစ်လနှစ်ကြိမ်၊ သုံးကြိမ်ခန့် ဆွတ်ခူးရရှိသည်။ ခရမ်းချဉ် အထွက်နှုန်းကောင်းခြင်း၊ မကောင်းခြင်းမှာ အများအားဖြင့် ရာသီဥတုအပေါ် မူတည်သော်လည်း သဘာဝကပေးသော ရေနှင့် မြေဩဇာကြောင့် နှစ်စဉ်ဝင်ငွေကောင်းသော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

အင်းလေးဒေသမှထွက်ရှိသော ခရမ်းချဉ်သီးများကို အင်းထဲမှ ညောင်ရွှေဒိုင်များသို့ စက်လှေများဖြင့် သယ်ယူကြပြီး ညောင်ရွှေဒိုင်မှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ကာ မြန်မာပြည်အနှံ့ ရောင်းချလေ့ရှိသည်။

ယနေ့ကာလတွင် ညောင်ရွှေဒိုင်ဈေး၌ ပေါ်ဦးစချိန်ဖြစ်သော်လည်း ခရမ်းချဉ်သီးလှိုင်လှိုင်ထွက်၍ တစ်ပိဿာ ငွေကျပ် ၁၅၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်သဖြင့် စားသုံးသူများအတွက် တွက်ခြေကိုက်ကြောင်း သိရသည်။ အညာသီးများပေါ်ချိန်နှင့် တိုက်ဆိုင်ပါက ထိုထက်ဈေးကျနိုင်ကြောင်း ဒေသခံ ခရမ်းချဉ်သီးဒိုင်များက ပြောကြားသည်။

(ကြေးမုံ)



**အင်းလေးဒေသထွက် ခရမ်းချဉ်သီးများ လှိုင်လှိုင်ရောင်းရ၍ ဝမ်းမြောက်ပျော်ရွှင်နေသည့် ခရမ်းချဉ်သီးရောင်းသူ အဘွားအို။**
(ဓာတ်ပုံ-စိုးညွန့်)

# ယဉ်ကျေးမှုအမွေအနှစ်များပေါများရာ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာနိုင်

**သတင်းဆောင်းပါး၊ ဓာတ်ပုံ - ဌေးအောင် (ကြေးမုံ)**

ရန်ကုန်  စက်တင်ဘာ  ၂၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သာယာရှုမောဖွယ် သဘာဝအလှများ၊ အေးချမ်းတည်ငြိမ်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်စုံသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ် မြန်မာနိုင်ငံသို့ အဆက်မပြတ် လာရောက်လျက်ရှိသည်။**

ယခုနှစ် စက်တင်ဘာလကုန်ဆုံးလျှင် မြန်မာနိုင်ငံ၌ ခရီးသွားရာသီ စတင်တော့မည် ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❂

**ဗိုလ်ချုပ်ဈေးသည် စနေနေ့ဖြစ်သည့်အလျောက် ကမ္ဘာလှည့်ခရီးသည်များနှင့် ဈေးရောင်းဈေးဝယ်သူများ စည်ကားလျက်ရှိစဉ်။**




## ယနေ့ ကြေးမုံ ဆောင်းပါးနှင့်သတင်းများအညွှန်း



**မြိတ်မြို့ဆေးရုံကြီး** စာမျက်နှာ - ၈

**သဘာဝဘေးအန္တရာယ်သတင်းများ**
စာမျက်နှာ - ၅





**ချယ်လ်ဆီးနှင့် မန်ယူ သရေကစား**
စာမျက်နှာ - ၁၁

**အကြမ်းဖက်သမားတွေကို ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ မုန်းတီးနေကြတာ အမှန်ပါပဲ။**
**လူသစ်၏ "အကြမ်းဖက် အဖျက်သမားအန္တရာယ် ပြည်သူအားနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ် (၁)"**
(ဆောင်းပါး) စာမျက်နှာ - ၆